ခန္တီ စ တော မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၂ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၆) နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စစ်ဂလိုရီယာ မာကါပါဂလ် အာရိုယို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၉/၂၀၀၄)တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်အစုအဖွဲ့အကြံပြုချက်စာတမ်းများ မကြာမီပြီးစီးတော့မည် စုံညီအစည်းအဝေးတွင်ဆက်လက်တင်ပြနိုင်ရေး လုပ်ငန်းကော်မတီကစီစဉ်

ရန်ကုန် ဇွန် ၁၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၉/၂၀၀၄)ကို ယနေ့နံနက် ၉နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာခန်းမရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးခန်း၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ စာမျက်နှာ ၈ ကော်လံ ၁ ■

ဇွန် ၁၁ ရက်က အမျိုးသားညီလာခံအစုအဖွဲ့ဖြစ် သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးမြအေး အမှာစကားပြောကြားစဉ်။ (သတင်း-ဗ) (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

အမျိုးသားရေးအမြင် ကြည်လင်ရေး ကြိုးပမ်း ပြည်ထောင်စုစိတ်ဓာတ် မြဲမြံခိုင်ကျည်ရေး စွမ်းဆောင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် အချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် လက်တွဲပူးပေါင်းဆောင်ရွက်ရန်နှင့် အမျိုးသားရေးတာဝန်များကို ထမ်းရွက်နိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်များ စွမ်းရည်မျိုးစုံရရှိစေရန် လူငယ်စွမ်းအားစုအဖြစ် လေ့ကျင့်ပျိုးထောင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည်။

မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေးအမြင်ဖြင့် နိုင်ငံတော်တည်ဆောက်ရေး၊ ကာကွယ်ရေး ခံယူချက်များရရှိစေရန် သင်တန်းအမျိုးမျိုးဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ ၁၀ စုနှစ်ကာလအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။ ၂၀၀၄ ခုနှစ် နွေရာသီကာလတွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းအမျိုးမျိုးတွင်လည်း တက်ရောက်ခဲ့ကြသည့် လူငယ်ပေါင်း နှစ်သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

ဇွန်လ ၉ ရက်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကား မြွက်ကြားရာတွင်–

"မျိုးဆက်သစ် လူငယ်အင်အားကို နိုင်ငံတော်အတွက်လိုအပ်သည့် လူ့စွမ်းအားအဖြစ် ခံယူခြင်းကြောင့် မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးအမြင်၊ နိုင်ငံရေးအမြင်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်သည် အလွန်ပဓာနကျကြောင်း"

လမ်းညွှန် မိန့်ကြားခဲ့သည်။

မြန်မာ့သမိုင်းကို ဆန်းစစ်ကြည့်ပါက ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးများ တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ စွမ်းရည်စွမ်းအား ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်အဖြစ် သုံးကြိမ်ထူထောင်နိုင်ခဲ့၍ အာရှတွင် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် အထင်ကရ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်။

၁၉ ရာစုအတွင်းတွင် နယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး သိမ်းပိုက်ခံလိုက်ရသည့်အတွက် ထီးနန်းပျောက်ပြီး အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ကိုလိုနီနယ်ချဲ့ လက်အောက်ကျရောက်ခဲ့ချိန်မှစ၍ မူလကရှိခဲ့သည့် မြန်မာ့အစဉ်အလာ အုပ်ချုပ်ရေးစနစ်ပြောင်းလဲသွားခဲ့သည်။

ကိုလိုနီလက်အောက်တွင် ဖိနှိပ်မှု၊ သွေးစုပ်မှု၊ သွေးခွဲအုပ်ချုပ်မှုများ ခံစားခဲ့ရသည်။ ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေများကို လွတ်လပ်ရေးရပြီးကာလတွင် စတင်ခံစားခဲ့ကြရသည်။

နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည့် ပြည်သူများသည် သူ့ကျွန်ဘဝက လွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာအာဏာ ပြန်လည်ရရှိရေး၊ ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရေး မျှော်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ အားထုတ်ခဲ့မှုကြောင့် ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

သို့သော်လည်း လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် ဂိုဏ်းဂဏဝါဒများကြောင့် လွတ်လပ်ရေးအတွက် အတူလက်တွဲ ဆင်နွှဲခဲ့ကြသည့် ခေါင်းဆောင်ပိုင်းအတွင်း စိတ်ဝမ်းကွဲခဲ့ကြသည်။ ထို့နောက် တိုင်းရင်းသားပြည်သူများအချင်းချင်း စိတ်ဝမ်းကွဲပြီး အမျိုးသားစည်းလုံးညီညွတ်မှုပါ ပြိုကွဲခဲ့ရသည်။

ဤအရေးကိစ္စကို ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေဒဏ်ရာဒဏ်ချက်အဖြစ် ပြည်သူတစ်ရပ်လုံးက အထင်အရှား သိရှိခံစားခဲ့ရသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏တာဝန်အရပ်ရပ် ယူခဲ့ရသည့်အချိန်တွင် မျက်မှောက်ခေတ်နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ အနာဂတ်တွင် တည်ဆောက်သွားမည့် နိုင်ငံတော်သစ်အတွက် အခြေခံကောင်းများကိုလည်း တည်ဆောက်ရန် ဦးတည်ခဲ့သည်။

ရှေးဦးစွာ နိုင်ငံတော်တွင် အေးချမ်းတည်ငြိမ်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အတိတ်သမိုင်း၏အတွေ့အကြုံအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို ချမှတ်ကျင့်သုံးခဲ့သည်။ ဤ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးဝါဒအဖြစ် အခိုင်အမာကျင့်သုံးခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည့်အလျောက် မျိုးဆက်သစ်လူငယ်များက အမျိုးသားရေးအမြင် ကြည်လင်ရေး၊ နိုင်ငံရေးအမြင် စူးရှထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် မြဲမြံခိုင်ကျည်ရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၂–၆–၂၀၀၄
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိများ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Tenses (အင်္ဂလိပ်စာအထူးပြုအားလုံး)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ဒို့အောင်ပွဲတေးသရုပ်ဖော်
၂၃။ **"မြဝတီအငြိမ့် ဖျော်ဖြေခန်း"**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေလုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ရေး Myanmar P.P.P Inter Assets Holding J.V Co., Ltd. ဖွဲ့စည်းမှု သဘောတူလက်မှတ်ရေးထိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ စီမံမှုဖြင့် ဆောင်ရွက်လျက်ရှိသော Phyo Pyei Phyo Company Ltd.နှင့် ထိုင်းနိုင်ငံ Inter Assets Holding Company Ltd. တို့၏ ရေလုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ Myanmar P.P.P Inter Assets Holding J.V Co., Ltd. ဖွဲ့စည်းမှု သဘောတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး Myanmar P.P.P Inter Assets Holding J.V Co., Ltd. ၏ President Mr. Surachai Na Pombejara က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ Phyo Pyei Phyo Co., Ltd. ၏ Managing Director U Aung Kyaw Oo နှင့် Inter Assets Hoiding Co., Ltd. (Thai) ၏ President Mr. Surachai Na Pombejara တို့က Myanmar P.P.P Inter Assets Holding J.V Co., Ltd. ဖွဲ့စည်းမှု သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီး လဲလှယ်ကြသည်။

လက်ခံရယူ

ထို့နောက် Myanmar P.P.P Inter Assets Holding J.V Co., Ltd. ၏ President Mr. Surachai Na Pombejara က ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်ခြင်းအတွက် အလှူငွေကျပ် ၅၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၉ ရက်က မြောက်ဥက္ကလာပ မြို့နယ် ရဲတပ်ဖွဲ့မှူးကြီးမှူး၍ မြောက်ဥက္ကလာပ မြို့နယ် (၂)ရပ်ကွက် အထက (၄) ကျောင်းခန်းမတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အောင် ဦးစီးသော ကျောင်းသူ ကျောင်းသားများအား လူမှောင်ခို ကူးမှုတားဆီး ကာကွယ်ရေးနှင့်မူခင်းကျဆင်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုး ဟောပြောစဉ်။ (က–ပ)

သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဇွန် ၉ ရက်က ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး၌ကျင်းပရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝေက ရပ်ကွက်အဖွဲ့ဝင် ဦးစိုးနိုင်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၀၅၂)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၁၀-၄-၂၀၀၄ရက်နေ့က ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

မြစ်ကိုမြင်လျှင် လျှပ်စစ်ဆင်မည်

ယခင်က မြစ်ကိုမြင်လျှင် တံတားဆင်ခဲ့သည်။ ဧရာဝတီမြစ်ကို မြင်၍ တံတားကြီးများ ဆင်ထားပြီးခဲ့ပါပြီ။

ယခုအခါ ဧရာဝတီမြစ်ပေါ်တွင် မြစ်ကြီးနားရှိ ဗလမင်းထင်၊ ပြည်မြို့ နဝဒေး၊ မအူပင်မှာ မအူပင်တံတားနှင့် ဒေးဒရဲတွင် ဒေးဒရဲ တံတားများကို ဆင်ထားပါပြီ။ ချောက်မြို့နယ်ရှိ အနော်ရထာတံတား၊ ညောင်တုန်းမြို့တွင် ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(မကွေး) တို့ကို ဆင်ယင်ပေးခဲ့ပါပြီ။

မြန်မာ့မြေနှင့် ဧရာဝတီမြစ်သည် ထာဝစဉ်ယှဉ်တွဲလျက်ရှိသည်။ ဧရာဝတီသည် မြန်မာ့မြေပထဝီတွင်မှသာ သန္ဓေတည်လာခဲ့သည်။ မြန်မာ့ ဇာတိဧရာဝတီသည် မြန်မာ့ရေပီသစွာမြန်မာ့မြေပိုင်နက်မိုင်ပေါင်း ၁၃၅၀ကို ဖြတ်သန်းစီးဆင်းပြီး မြန်မာ့ပင်လယ်တွင်းသို့ စီးဆင်းဝင်ရောက်ခဲ့သည်။

ယခင်က နယ်ချဲ့သည် ကမ္ဘာကျော်နေမဝင်အင်ပါယာ ဟူ၍ ကြွေးကြော် အသံကောင်းဟစ်ခဲ့သော်လည်း စစ်ကိုင်း(အင်းဝ)တံတား တစ်စင်းကိုသာ တည်ဆောက်နိုင်ခဲ့သည်။ မြန်မာ့ဧရာဝတီသည် နယ်ချဲ့လက်ရာ တံတားထက် မြန်မာပြည်သားတို့ တည်ထားမည့် တံတားတစ်စင်းကိုသာ မျှော်လင့်တောင့်တခဲ့သည်။

ဧရာဝတီ၏ မျှော်လင့်တောင့်တမှုသည် ကြောင့်ကြစရာ မလိုတော့ပြီ။ မကြာမီ ဧရာဝတီ၏ရတနာပုံတံတားသည် ဝင့်ကြွားစွာ ပေါ်ထွန်းလာတော့မည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီ တံတားသစ်(ရတနာပုံ)ကို ထပ်မံတည်ဆောက်ရန်လမ်းညွှန်မှာကြား ခဲ့သည်။ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် လက်ရှိစစ်ကိုင်း(အင်းဝ)တံတား အထက်ရေဆန်ဘက် ပေ ၂၀၀၀အကွာ မန္တလေး ခဝါတောင်ဘက်ကမ်းနှင့် စစ်ကိုင်းဘက် တကောင်းရပ် ဆိပ်ကမ်းကို ဆက်သွယ်ဆောက်လုပ်ရန် နေရာရွေးချယ် ပေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၄ခုနှစ် ဧပြီလခရီးစဉ်တွင် ပါဝင်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧရာဝတီတံတား(ရတနာပုံ) သံပေါင်တပ် မင်္ဂလာအခမ်းအနားကို အဖွဲ့ဝင်များနှင့်အတူ တက်ရောက်အားပေး ချီးမြှင့်ပြီး တံတားပေါင်၌ ရွှေမှုလီကို တပ်ဆင်ပေးခဲ့သည်။

မြန်မာပြည်၏ ဧရာဝတီတွင် ရတနာပုံတံတားကြီး မကြာမီ ပြီးစီးအောင်မြင်စွာ တပ်ဆင်ပေးနိုင်တော့မည်။ ဧရာဝတီမြစ်ကိုမြင်၍ တံတားကြီးများကို အောင်မြင်စွာ ဆင်ယင်ပေးနိုင်ခဲ့သည်။

ထို့အတူ ဧရာဝတီမြစ်ဝှမ်း လျှပ်စစ်စီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်း လျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ဝှမ်း လျှပ်စစ်စီမံကိန်း၊ စစ်တောင်းမြစ်ဝှမ်း လျှပ်စစ်စီမံကိန်းကြီးများ မြည်သံဟိန်းပေါ်ထွက်လာတော့မည်။

ဤတွင် ဧရာဝတီကို သက်သေတည်ကာ ဧရာဝတီမြစ်ကိုမြင်၍ လျှပ်စစ်ဆင်မည့် အသွင်အပြင်တို့ကို သိမြင်လေ့လာထားသမျှ ဆက်စပ်တင်ပြလိုသည်။

ဧရာဝတီမြစ်လက်တက် အငယ်ဆုံးမှပင် စတင်လိုပါသည်။ မမြင်ဖူး မူးမြစ်ထင်သည်ဟု တင်စားခဲ့သည်။

မူးမြစ်သည် ဧရာဝတီမြစ်၏ လက်တက်ငယ်ဖြစ်၍ မိုင်၁၇၀ခန့် ရှည်သည်။ ကသာခရိုင်ဗန်းမောက်မြို့နယ်အနောက်တောင်ပိုင်းမှစတင်ကာ မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်။ သို့သော် ကသာခရိုင်အတွင်းရှိ မူးမြစ်တစ်လျှောက်မှာ ယခင်က ကူးသန်းသွားလာခြင်းမရှိခဲ့ပေ။ မူးမြစ်သည် ကသာခရိုင်မှကျော်လျှင် ရွှေဘိုအတွင်းသို့ ရောက်ကာ အလယ်မှ ဖြတ်သွားပြီးလျှင် စစ်ကိုင်းခရိုင်အတွင်းသို့ စီးဆင်းပေရာ စစ်ကိုင်း နယ်မြေနှင့် မြင်းမူနယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ထားသကဲ့သို့ ရှိနေသည်။ မြင်းမူမြို့အနီးတွင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပေါင်းဆုံသည်။

မမြင်ဖူး၍ မူးကိုမြစ်ထင်ခဲ့သည်ဟုဆိုသော်လည်း မူးမြစ်ဝှမ်း စီမံကိန်းကြီး ပေါ်ထွန်းခဲ့သည်။

၁၉၉၄ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မုံရွာမြို့သို့ ရောက်ရှိစဉ် မူးမြစ်ဝှမ်းစီမံကိန်း၏ အပိုင်း(၁) အဖြစ် တန့်ဆည်မြို့နယ် ဝက်သိုကျေးရွာအနီး၌ ကင်းတပ်ရေလွှဲတမံ စီမံကိန်းကြီးကို ဖန်တီးပေးနိုင်ခဲ့သည်။

တက္ကသိုလ်တင်ခ

၁၉၉၇ ခုနှစ် မတ်လတွင် ကင်းတပ်ရေလွှဲဆည်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကင်းတပ်ရေလွှဲဆည်သည် ရေများများ သိုလှောင် နိုင်သည့် တမံမျိုးမဟုတ်သော်လည်း မူးမြစ်ရေကို တစ်စိတ်တစ်ပိုင်း ထိန်းသိမ်းပေးနိုင်သည့်အပြင် ရေပေးတူးမြောင်းစနစ်ပါရှိနေ၍ မူးမြစ်ရေကို အကျိုးရှိရှိ အချိန်စောပြီး တိုးချဲ့အသုံးပြုနိုင်ခဲ့သည်။ မူးမြစ်ဝှမ်း စီမံကိန်း၏ ပဏာမ အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်။

ကင်းတပ်ရေလွှဲဆည် တည်ဆောက်မပြီးမီကပင် ၁၉၉၆ခုနှစ်၊ စက်တင်ဘာလတွင် သဖန်းဆိပ်ရေလှောင်တမံကြီးကို စတင်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။ ၂၀၀၁ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် မူးမြစ်ဝှမ်း စီမံကိန်း၏ အဓိကအစိတ်အပိုင်းဖြစ်သည့် သဖန်းဆိပ်တမံကြီး ပြီးစီး အောင်မြင်ခြင်းပင် ဖြစ်သည်။ ရေသိုလှောင်သည့် ပမာဏမှာ ဧကပေ ၂၁ ဒသမ ၈ သန်းဖြစ်၍ မူးမြစ်ရေကို အပြည့်အဝအသုံးချနိုင်ခဲ့သည်။ ကင်းတပ်ရေလွှဲဆည်သို့ ရေများထိန်းလွှတ်ပြီး ရေပေးတူးမြောင်းများမှ တစ်ဆင့် စိုက်ပျိုးမြေဧက ငါးသိန်းကျော် တစ်နှစ်ပတ်လုံး ရေပေးဝေ လျက်ရှိသည်။

၂၀၀၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် သဖန်းဆိပ် ရေအားလျှပ်စစ် စက်ရုံကို ဖွင့်လှစ်ပေးခဲ့သည်။ ရေအားလျှပ်စစ် စီမံကိန်းအရ တာဘိုင် စက်သုံးလုံးဖြင့် ဓာတ်အားမဂ္ဂါဝပ် ၃၀ ကို ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင် ခြင်းဖြင့် မူးမြစ်ကိုပင် လျှပ်စစ်ဆင်နိုင်ခဲ့ပြီ ဖြစ်သည်။ နှစ်စဉ် ရေစီးဆင်းမှု ပမာဏ ဧကပေ သုံးသိန်းကျော်ရှိသည့် မူးမြစ်ကို လျှပ်စစ်ဆင်ခဲ့ခြင်း ဖြစ်သည်။

ချင်းတွင်းသည် ဧရာဝတီမြစ်၏ အကြီးဆုံးမြစ်လက်တက် ဖြစ်သည်။ သလ္လာဝတီမြစ်ဟုလည်း ခေါ်တွင်သည်။ ဧရာဝတီမြစ်တွင်းသို့ ပခုက္ကူ ဘက်အနီးတွင် စီးဝင်သော ချင်းတွင်းမြစ်၏ အောက်မြစ်ဝသည် ပုဂံ မင်းတစ်ပါးဖောက်လုပ်ခဲ့သည့် တူးမြောင်းကြီးဖြစ်ကြောင်း ဆိုကြသည်။ ထိုတူးမြောင်းသည် နှစ်ပေါင်းရှည်ကြာ ပိတ်ဆို့နေခဲ့ရာမှ ၁၈၂၄ခုနှစ် ရေကြီးသည့်အခါတွင်မှ ပြန်၍ပွင့်သွားသည်ဟု သမိုင်းမှတ်တမ်းရှိ ခဲ့သည်။

ဟူးကောင်းချိုင့်ဝှမ်းဘက်မှ မြစ်ဖျားခံလာသော ချင်းတွင်းမြစ်ကို အခြေခံ၍ ထမံသီစီမံကိန်း၊ ဟုမ္မလင်းစီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေးစီမံကိန်းစသည်တို့ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ရေလှောင် တမံ အဆင့်ဆင့်မှသည် ရေအားလျှပ်စစ်စီမံကိန်းကြီးများ တိုးပွား လာတော့မည် ဖြစ်သည်။ ယင်းစီမံကိန်းများအနက် ထမံသီရေအား လျှပ်စစ်စီမံကိန်းမှာ အကြီးစား စီမံကိန်းတစ်ရပ်ဖြစ်သည်။ ခန့်မှန်းခြေ မဂ္ဂါဝပ် ၁၂၆၀ ခန့် ထုတ်လုပ်နိုင်မည်ဟု သိရသည်။

အထူးမှာ မုံရွာမြို့၏ အထက်မိုင် ၂၀ ခန့်ရှိသော ရွှေစာရေးလျှပ်စစ် စီမံကိန်းသည် ထူးခြားသောအသွင် မြင်တွေ့လာရသည်။ လျှပ်စစ်ဓာတ် အား မဂ္ဂါဝပ် ၆၀၀ ကျော်ခန့် ထုတ်လုပ်နိုင်မည်ဟု သိရသည်။

ချင်းတွင်းမြစ်၏ တစ်နှစ်ရေစီးမှုမှာ ဧကပေ ၁၁၅ သန်းခန့်ရှိကြောင်း သိရှိရသည်။ မြန်မာတစ်နိုင်ငံလုံး ရေသယံဇာတ၏ ၁၆ ဒသမ ၅ရာခိုင်နှုန်း ခန့်ရှိသည်။ ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက် လျှပ်စစ်စီမံကိန်းအဆင့်ဆင့် ရှိသည့်အနက် ရွှေစာရေးကျေးရွာပတ်ဝန်းကျင်၌ အကောင်အထည် ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ်အနောက်ဘက် ကမ်းရှိ မုံရွာဒေသ အနောက်ဘက်ခြမ်းနှင့် ပခုက္ကူခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးရန် ရည်သန်စီမံထားခြင်း ဖြစ်သည်။

ယင်းဒေသရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသာမက ချင်းတွင်းမြစ်မှတစ်ဆင့် စိုက်ပျိုးရေရရှိပြီး သမားရိုးကျ တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ ရောက်ရှိကြမည်ဖြစ်သည်။ သီးနှံတိုးတက် လာဘိသကဲ့သို့ ဝင်ငွေလည်း တိုးတက်ကြွယ်ဝလာမည်သာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဒေသများလည်း စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။ မုံရွာ ခရိုင်သည် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ပါဝင်လျက်ရှိရာ ချင်းတွင်းမြင်၍ ရေအားလျှပ်စစ်ဆင်နိုင်သည်နှင့်အမျှ သစ်ပင်တောတန်း စိမ်းလန်းစိုပြည်လာမည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။

မုံရွာဒေသရှိ သတ္တုရိုင်းစီမံကိန်းများနှင့် စက်ရုံအလုပ်ရုံများအတွက် လျှပ်စစ်ဓာတ်အားရရှိစေရုံသာမက မဟာဓာတ်အားလိုင်းစနစ်မှ တစ်ဆင့် အခြားဒေသများကိုပါ လျှပ်စစ်ဓာတ်အား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူး ပေးနိုင်မည် ဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအောင်မြင်ပါက စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ချင်းတွင်းရေကြောင်းသွားလာမှုကိုပါ ရာသီမရွေး အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ချင်းတွင်းမြစ်တွင် ရွှေစာရေးလျှပ်စစ်ဆင်နိုင်ပြီးပါက ဘက်စုံ၊ကဏ္ဍစုံ ပြည်စုံလာတော့မည် ဖြစ်သည်။ ရွှေစာရေးက ငွေပေးနိုင်တော့မည်။ ရွှေစာကိုရေးနိုင်ရုံသာမက ရွှေငွေအရေး အဆင်ပြေအေးစေနိုင်မည်ဟု ယုံကြည်မျှော်လင့်ထားပါသည်။ မြစ်ကိုမြင်လျှင် တံတားတွေ ဆင်ပေး နေဆဲဖြစ်သည်။

၂၀၀၃ ခုနှစ် ဧပြီလ ၇ ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ချင်းတွင်းတံတား(မုံရွာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပါပြီ။

ချင်းတွင်း၏ မြစ်ကူးတံတားကြီးတစ်စင်းဖြစ်သည့် ဆင်ဖြူရှင်တံတား ကြီးကိုလည်း ၁၉၉၉ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့က နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်ပင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးခဲ့သည်ကို ပြန်လည်အမှတ်ရမိပါသည်။ ၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀အထက် တံတားကြီးများအနက် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကြီးသည် အစင်းတစ်ရာမြောက် ရာပြည့်တံတားကြီးအဖြစ် မော်ကွန်းတင်ထားနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ချင်းတွင်းမြစ်ကို မြင်ခဲ့၍ ချင်းတွင်းမြစ်ကူး တံတားကြီးများ ဆင်ယင်ပြီးသွားခဲ့ပါပြီ။ ယခုအခါ ချင်းတွင်းမြစ်ပတ်ဝန်းကျင်တွင် ရွှေစာရေးလျှပ်စစ် ဆင်ပေးတော့မည်ဖြစ်သည်။ ။

အရှေ့အလယ်ပိုင်းဒေသ၌ လွှန်လွှန်ကဲကဲ ဝင်ရောက်မစွက်ဖက်ရန် ဂျီ-၈ ထိပ်သီးအစည်းအဝေး၌ ပြင်သစ်သမ္မတ သတိပေးပြောကြား

ဆီးအိုင်းလင်း(ဂျော်ဂျီယာ) ဇွန် ၁၀

ဒီမိုကရေစီကို ပြင်ပမှပြဋ္ဌာန်း၍ မရနိုင်ကြောင်းနှင့် ဒေသအတွင်း ပြုပြင်ပြောင်းလဲရေးကို စက်မှုနိုင်ငံကြီးများက အထောက်အကူပြုရာတွင် အရှေ့အလယ်ပိုင်း ပဋိပက္ခပြီးဆုံးရေးသည် ဦးစားပေးဖြစ်ရမည်ဟု ပြင်သစ်သမ္မတ ဂျက်ရှီရက်က ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲအတွင်း ရှီရက်က မိန့်ခွန်းပြောကြားရာတွင် မဟာအရှေ့အလယ်ပိုင်းဒေသတွင် လွှန်လွှန်ကဲကဲဝင်ရောက်မစွက်ဖက်ရန်လည်း သတိပေးလိုက်သည်။

သတိထား

မိမိတို့အနေဖြင့် အကူအညီပေးရန် အသင့်ရှိရမည်ဖြစ်သော်လည်း ကျူးကျော်ရန်စမှုကို သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း သမ္မတ ရှီရက်က ပြောကြားသည်။

အောင်မြင်ရန်

အရှေ့အလယ်ပိုင်းဒေသအတွင်း ဒီမိုကရေစီ ပြဋ္ဌာန်းကျင့်သုံးရန်နှင့် စီးပွားရေးတိုးတက်အောင်မြင်စေရန်အတွက် အကူအညီပေးရန် ဂျီ-၈ အဆိုပြုချက်နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာ၌ ရှီရက်က ထိုသို့ပြောကြားခြင်း ဖြစ်သည်။

ဒေါသဖြစ်

ဖေဖော်ဝါရီလထဲ၌ အမေရိကန်ဦးဆောင်ဦးရွက်ပြုသော အဆိုပြုချက်မူကြမ်း ထွက်ပေါ်လာခဲ့ချိန်က အာရပ်နိုင်ငံများသည် ထိုမူကြမ်းကို ဒေါသဖြစ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအဆိုပြုချက်မူကြမ်း၌ အာရပ်-အစ္စရေးပဋိပက္ခကို ဖော်ညွှန်းထားခြင်းမရှိခြင်းနှင့် ပြုပြင်ပြောင်းလဲမှုကို ပြည်ပမှပြဋ္ဌာန်းရန် ကြိုးပမ်းခြင်းကြောင့် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယနိုင်ငံ ဘိုပါလ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသူများကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းထောင်၌ ညှဉ်းပန်းနှိပ်စက်မှု အရှုပ်အထွေး ဘုရှ်အစိုးရက ဖြစ်ပေါ်အောင်ဖန်တီးခဲ့ဟု လူ့အခွင့်အရေးအဖွဲ့ စွပ်စွဲ

နယူးယောက် ဇွန် ၁၀

အကျဉ်းသားများကို စစ်ဆေးမေးမြန်းသည့် နည်းစနစ်များနှင့်စပ်လျဉ်း၍ စည်းကမ်းဥပဒေများကို ဘုရှ်၏ အစိုးရအဖွဲ့က ပြစ်ပယ်ထားသည့်အခိုက်တွင် အီရတ်အကျဉ်းထောင်၌ ညှဉ်းပန်းနှိပ်စက်မှု အရှုပ်အထွေးဖြစ်ပေါ်အောင် ဘုရှ်အစိုးရက အခြေအနေဖန်တီးခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ဗုဒ္ဓဟူးနေ့၌ စွပ်စွဲလိုက်သည်။

ဘုရှ်အစိုးရသည် နိုင်ငံတကာဥပဒေကို ရှောင်တိမ်းပြီး အာဖဂန်နစ္စတန် စစ်ပွဲနှင့် အီရတ်သိမ်းပိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက မတရားညှဉ်းပန်း နှိပ်စက်ခဲ့သည့် အစီရင်ခံစာများကို နှစ်နှစ်ကြာမျှ လျစ်လျူရှုခဲ့ကြောင်း သို့မဟုတ် ထိန်ချန်ဖုံးဖိထားခဲ့ကြောင်း နယူးယောက် အခြေစိုက် စောင့်ကြည့်အဖွဲ့က ပြောကြားသည်။

ဖော်ပြ

အဘူဂရိုက်အကျဉ်းထောင်၏ ထိတ်လန့်ခြောက်ခြားစရာများသည် တပ်ဖွဲ့ဝင်တစ်ဦးချင်း၏ ကျူးလွန်သည့် လုပ်ရပ်များမဟုတ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ကဲနက်ရော့သ်က အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပေါ်ထွက်

အဘူဂရိုက် အကျဉ်းထောင်၌ ဖြစ်ပျက်ခဲ့သော အကြောင်းတရားများသည် ဘုရှ်အစိုးရက စည်းကမ်းဥပဒေများကို ခေါက်ထားရန် ဆုံးဖြတ်ချက်မှ ပေါ်ထွက်လာခဲ့သော အကြောင်းတရားများဖြစ်သည်ဟု ဆိုသည်။

ရင်ဆိုင်

ဧပြီလထဲ၌ ထုတ်ဖော်ဖွင့်ချခဲ့သော ညှဉ်းပန်းနှိပ်စက်မှု ပြစ်ချက်များအတွက် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသည် စစ်ခုံရုံး၌ တရားစီရင်မှုကို ရင်ဆိုင်ရန်အလားအလာရှိပြီး တစ်ဦးကို ထောင်ဒဏ်တစ်နှစ်ကျော် ပြစ်ဒဏ်ချမှတ်ထားပြီး ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် ဒုံးပစ်လောင်ချာထမ်း၍ လုံခြုံရေးဆောင်ရွက်နေသော အီရတ်ပြောက်ကျားတစ်ဦးကို ဇွန် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးစိတ်မချရမှု အီရတ်နိုင်ငံ၌ ရှိနေဆဲဖြစ်

ဘဂ္ဂဒက် ဇွန် ၁၀

အီရတ်နိုင်ငံ အရေးကိစ္စနှင့်ပတ်သက်သည့် အဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအားလုံးက သဘောတူညီခဲ့ကြသော်လည်း ယင်းနှင့်ပတ်သက်ပြီး အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သူ မြို့သားများကတော့ စိတ်ပါဝင်စားမှု နည်းပါးခဲ့ကြောင်း သိရှိရသည်။

ပြောကြား

ထိုကိစ္စရပ်ကို အီရတ်သတင်းစာများ၏ ခေါင်းကြီးပိုင်း၌ ဖော်ပြခဲ့သော်လည်း အီရတ်နိုင်ငံ၌ ဤကိစ္စထက် အရေးပါသော ကိစ္စရပ်များရှိနေကြောင်း၊ နိုင်ငံအတွင်း လုံခြုံရေး စိတ်မချရမှု၊ သောက်သုံးရေရှားပါးမှု စသော ပြဿနာရပ်များစွာရှိကြောင်း အီရတ်ပြည်သူများစွာက ပြောကြားခဲ့ကြသည်။

လက်မခံ

အီရတ်နှင့်သက်ဆိုင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ထုတ်ပြန်သော မည်သည့် အဆိုပြုချက်ကိုမှ လက်မခံနိုင်ကြောင်း၊ အဆိုပြုချက်အားလုံးသည် လုပ်ကြံဖန်တီးထားခြင်းများဖြစ်ကြောင်း၊ အီရတ်ပြည်သူများအတွက် ကိုယ်စားပြုထားသော အဆိုပြုချက်များ မဟုတ်ကြောင်း အီရတ်လူမျိုးတစ်ဦးက ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေး ပေကျင်း၌ဆောင်ရွက်

ပေကျင်း ဇွန် ၁၀

တရုတ်ပြည်၏မြို့တော် ပေကျင်းသည် ဒေသပတ်ဝန်းကျင်ကောင်းမွန်စေရေးအတွက် လွန်ခဲ့သည့် ငါးနှစ်အတွင်းနှစ်စဉ် ယွမ် ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ) ရင်းနှီးမြှုပ်နှံခဲ့ကြောင်း အစိုးရဆိုင်ရာ စာရင်းအင်းများက ဖော်ပြသည်။

လွန်ခဲ့သည့်နှစ်က ပေကျင်းမြို့သည် အခြေခံအဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု၊ စက်မှုဆိုင်ရာ လေထုညစ်ညမ်းခြင်းထိန်းချုပ်မှုနှင့် အခြားအခြား သဘာဝပတ်ဝန်းကျင် ကာကွယ်မှုများအတွက် ယွမ် ၁၄ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံ) သုံးစွဲခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နှင့် ရုရှားနိုင်ငံတို့ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့် တန်ဖိုးရှိ စာချုပ် ၁၂ ခုလက်မှတ်ရေးထိုး

ခါဘာရော့ခ်(ရုရှား) ဇွန် ၁၀

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှုများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၇၀၀ ခန့် ပမာဏရှိသော စာချုပ် ၁၂ ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဗုဒ္ဓဟူးနေ့တွင် စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့်ရုရှားတို့သည် နှစ်ရက်ကြာ ကျင်းပပြုလုပ်သည့် အရှေ့ဖျားဒေသတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ တရုတ်-ရုရှား ညီလာခံစတင်ကျင်းပသည့် ဗုဒ္ဓဟူးနေ့တွင် အထက်ပါစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အရှေ့ဖျားဒေသတွင် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ယင်းစာချုပ်များ လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း ပြုပြင်ပြောင်းလဲရေးကော်မရှင်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးလည်းဖြစ်ပြီး တရုတ်ကိုယ်စားလှယ်ခေါင်းဆောင်ဖြစ်သူ မာကိုင်က ပြောကြားသည်။

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ စွမ်းအင်၊ သတ္တု၊ အထည်အလိပ်နှင့် ဆက်သွယ်ရေး စသည့်ကဏ္ဍများတွင်ဖြစ်ကြောင်း မာကိုင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အကျဉ်းသားများအား နှိပ်စက်ရာတွင် ပူးပေါင်းကြံစည်ခဲ့မှု အမေရိကန် ကန်ထရိုက်ကုမ္ပဏီနှစ်ခုအား စွဲချက်တင်

ဝါရှင်တန် ဇွန် ၁၀

အီရတ်တွင် အကျဉ်းသားများကို မတရားနှိပ်စက်မှုကျူးလွန်ရန် အမေရိကန်ကာကွယ်ရေးကန်ထရိုက်တာနှစ်ဦးသည် အမေရိကန်အရာရှိများနှင့် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က စွဲချက်တင်လိုက်သည်။

အဆိုပါစွဲချက်တွင် ဆန်ဒီရှိအခြေစိုက် တိုက်တန်ကော်ပိုရေးရှင်းနှင့် ဗာဂျီးနီးယားပြည်နယ် အာလင်တန်ရှိ စီအေစီအိုင် အင်တာနေရှင်နယ်တို့သည် အစိုးရထံမှ နောက်ထပ်ကန်ထရိုက် လုပ်ငန်းများ ရရှိရန်အတွက် ဖမ်းဆီးထိန်းသိမ်းထားသူများထံမှ ထောက်လှမ်းရေးသတင်းကို ၎င်းတို့ရအောင် လုပ်ပေးနိုင်ကြောင်းပြသရန် ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်ခဲ့ကြကြောင်း ဖော်ပြထားသည်။

ဖော်ပြ

အီရတ်တွင် စစ်ဆေးမေးမြန်းခြင်းနှင့် ဘာသာပြန်ခြင်းလုပ်ဆောင်ပေးခဲ့သော ထိုကုမ္ပဏီနှစ်ခုလုံးမှ အလုပ်သမားများအမည်ကို အမေရိကန်စစ်တပ်မှစုံစမ်းစစ်ဆေးသူ ဗိုလ်ချုပ်အန်တိုနီယိုတာဂူဘာရေးဆွဲသည့် အီရတ်အကျဉ်းထောင် မတရားနှိပ်စက်မှုအစီရင်ခံစာတွင် ဖော်ပြထားခဲ့သည်။ ယင်းအစီရင်ခံစာတွင် အကျဉ်းသားများအား နှိပ်စက်မှုနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားသည်။

ယုံကြည်

စီအေစီအိုင်နှင့် တိုက်တန်ကုမ္ပဏီတို့ အကျဉ်းသားများအား မတရားနှိပ်စက်ရန် ပူးပေါင်းကြံစည်ခဲ့ကြသည်ဟု မိမိတို့ယုံကြည်ကြောင်း၊ ဤသို့ပြုလုပ်ပြီး ငွေပိုရအောင်လုပ်ခဲ့ကြောင်း ဖီလာဒဲဖီးယား အခြေစိုက်ရှေ့နေ ဆူဆန်ဘာကီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကုလဆုံးဖြတ်ချက်ကို မထေမဲ့မြင်ပြုခဲ့မှု အမေရိကန်နှင့် ဗြိတိန်တို့အား ဥရောပခေါင်းဆောင်များ ဝေဖန်

ကုလသမဂ္ဂ ဇွန် ၁၀

အီရတ်နိုင်ငံအတွက် ကုလသမဂ္ဂ၏ အဆိုပြုချက်သစ်နှင့်ပတ်သက်ပြီး အီရတ်ပြည်သူအများစုသည် စိတ်ဝင်စားမှုမရှိကြောင်း သိရသည်။

ယင်းအဆိုပြုချက်သစ်နှင့် ပတ်သက်ပြီး ပြင်သစ်သမ္မတ ဂျက်ရှီရက်က အီရတ်ကြားဖြတ်အစိုးရသည် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအပေါ် မည်မျှထိန်းချုပ်နိုင်ခွင့်ရှိမည်နည်းဟု မေးမြန်းခဲ့ပြီး အီရတ်စစ်ပွဲကို ဦးဆောင်တိုက်ခိုက်ခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့သည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို မထေမဲ့မြင်ပြုကာ စစ်ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ပြီး အီရတ်နိုင်ငံ၌လည်း အဓိကရုဏ်းများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း၊ ဥရောပခေါင်းဆောင်များက ဝေဖန်ပြောကြားခဲ့ကြသည်။

ဆန္ဒမရှိ

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများအပြားသည် ငွေကြေးအကူအညီသာပေးလိုကြပြီး တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆန္ဒမရှိကြဘဲရှိသည်။

ကြုံတွေ့

လတ်တလောအခြေအနေအရ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များကို ဆက်လက်တပ်စွဲထားရန် အမေရိကန်နှင့် အပေါင်းပါတို့အတွက် ပြဿနာတစ်ရပ်ဖြစ်နေပြီး လာမည့်နှစ်၌ ချက်နိုင်ငံက ၎င်းစေလွှတ်ထားသော စစ်ရဲများကို အီရတ်မှ ပြန်လည်ခေါ်ယူမည်ဖြစ်သည်။ ဤအတောအတွင်း အီရတ်အရေးကိစ္စနှင့်ပတ်သက်ပြီး အီတလီဝန်ကြီးချုပ်သည် နိုင်ငံရေးအရ ပြင်းထန်သော ဖိအားပေးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

(စီအင်န်အင်န်)

ပါကစ္စတန်နိုင်ငံ ရာဝါလ်ပင်ဒီမြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသူများကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

နာဂျက်ဖ်၌ တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ် ဇွန် ၁၁

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အီရတ်ရဲတပ်ဖွဲ့နှင့် ဆာဒါ၏ ပြောက်ကျားတပ်ဖွဲ့ဝင်များ ကြာသပတေးနေ့တွင် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်အရာရှိတစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့သည်ဟု ဆေးရုံအရာရှိတစ်ဦးက ပြောကြားသည်။

ပြင်းထန်

လွန်ခဲ့သည့် နှစ်လကျော်၌ အမေရိကန်ဦးဆောင်သော ကျူးကျော်မှုကို ဆာဒါက ဆန့်ကျင်ခဲ့ချိန်မှစပြီး ယခုဖြစ်ပွားသော အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ဆာဒါ၏ပြောက်ကျားတပ်ဖွဲ့ဝင်များ၏ တိုက်ပွဲသည် အပြင်းထန်ဆုံး ဖြစ်သည်။

ယင်းသို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် အခြားလူ ၁၄ဦးဒဏ်ရာရရှိခဲ့ရာ အများစုမှာ အရပ်သားများဖြစ်သည်ဟု နာဂျက်ဖ် အထွေထွေဆေးရုံကြီးအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

(အင်တာနက်)

အီရတ်တို့အား ဆက်ပြီးပိတ်ပင်တားမြစ်မည်ဟုယူဆ ကုလဆုံးဖြတ်ချက်ကို အီရတ်ပြည်သူအချို့ ဝေဖန်ပြောကြား

ဘဂ္ဂဒက် ဇွန် ၁၀

အီရတ်နိုင်ငံသို့ အုပ်ချုပ်ရေးပြန်လည်လွှဲပြောင်းပေးရေးနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဗြိတိန်တို့၏ ဆုံးဖြတ်ချက်မူကြမ်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောတူဆုံးဖြတ်ခဲ့ခြင်းသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ယင်းသည် စိန်ခေါ်မှုများစွာနှင့် ရှေ့ဆက်ကြုံတွေ့ရမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်၌ ကျင်းပနေသော ဂျီ–၈ ထိပ်သီးဆွေးနွေးပွဲတွင် အီရတ်အရေးကိစ္စ စိုးမိုးနေမှုကဲ့သို့အဖြစ်မျိုးကို ရှောင်ရှားနိုင်ရန် ဘုရှ်က ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မျှော်မှန်း

အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည့် ရုရှားသမ္မတ ဗလာဒီမီယာပူတင်ကလည်း လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အပေါ် သဘောတူညီမှုသည် ရှေ့ဆက်နိုင်မည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂရုံးချုပ်အတွင်း တရုတ်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံ သံအမတ်များက ပြောကြားရာတွင်လည်း အဓိကအားဖြင့် အီရတ်နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိလာရန် ဤဆုံးဖြတ်ချက်ဖြင့် ကူညီပံ့ပိုးနိုင်မည်ဟုမျှော်လင့်ကြောင်း၊ ထို့အပြင် အီရတ်ယာယီအစိုးရသစ်အနေဖြင့် အာဏာအပြည့်အဝ တာဝန်ယူခွင့်ရှိရန် မျှော်မှန်းကြောင်း ပြောကြားခဲ့သည်။

ဝေဖန်

အီရတ်ပြည်သူများအကြား လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အပေါ် အမြင်အမျိုးမျိုး ကွဲပြားလျက်ရှိရာ ဒေသခံအချို့က ယခုဇွန် ၃၀ ရက်၌ အီရတ်တို့ထံ အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းပေးရေးကို ကြိုဆိုလျက်ရှိသော်လည်း ကျူးကျော်ထားသည့် တပ်ဖွဲ့များအပေါ် အီရတ်က ထိန်းချုပ်ထားနိုင်ခြင်း မရှိခြင်းက ပြဿနာဖြစ်နေကြောင်း ပြောကြားသည်။ အချို့အီရတ်ပြည်သူများက ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လုံးဝလက်မခံဘဲ ဖန်တီးတင်ပြမှုများသာဖြစ်ကြောင်း၊ အီရတ်တို့အပေါ် ဆက်လက်ပိတ်ပင် တားမြစ်နေမည်ဟု ယူဆကြောင်း ဝေဖန်ပြောကြားလျက်ရှိသည်။

(စီစီတီဗွီ)

ရေနံတင်ယာဉ် မီးလောင်

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်တွင် ရေနံတင်ယာဉ်တစ်စီး အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်ခြင်း ခံရပြီးနောက် မီးလောင်နေသည်ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာမှဝယ်ယူသူများအား ဆွဲဆောင်ရာဈေးကွက် တရုတ်နိုင်ငံဖြစ်လာ

ပေကျင်း ဇွန် ၁၀

တရုတ်နိုင်ငံသည် နိုင်ငံတကာမှ ဝယ်ယူသူများအတွက် စွဲဆောင်မှုရှိသော ကုန်စည်ပြပွဲနေရာကြီးအဖြစ် ပြောင်းလဲရောက်ရှိလာကြောင်း ရိုလင်းဘာဂါမဟာဗျူဟာအတိုင်ပင်ခံအဖွဲ့၏ နောက်ဆုံးထုတ်ပြန်မှုတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ၎င်းတို့ဝယ်ယူမှုသည် နှစ်အနည်းငယ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း၊ အမေရိကန်၏ကြီးမားသော ဖို့ဒ်ကားကုမ္ပဏီကို ကိုးကား၍ နိုင်ငံပေါင်း ၃၂ နိုင်ငံအား လေ့လာမှုကို အခြေခံကာ ရိုလင်းဘာဂါက သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဝယ်ယူမှုသည် အမေရိကန်ဒေါ်လာ ငါးဘီလီယံရှိမည်ဟု ဂျီအီးကမျှော်လင့်ထားပြီး အမေရိကန်ဒေါ်လာ ငါးဘီလီယံရောင်းချရမည်ဟု မျှော်လင့်ထားကြောင်း ဂျီအီး၏ စီအီးအိုနှင့်ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဂျက်ဖရီ အာအင်မ်မက်လ်တ်က ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နေအိမ်ပျက်စီး

အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသောနေအိမ်တစ်လုံးကို ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မီးလောင်ပျက်စီး

ဘဂ္ဂဒက်မြို့၌ လမ်းဘေးထောင်ချောက်ဗုံးထိမှန်၍ မီးလောင်ပျက်စီးနေသော အမေရိကန် ပို့ဆောင်ရေးမော်တော်ယာဉ်တစ်စီးကို ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြိုးပမ်း

စစ်ပွဲကြောင့် ရေနံတွင်း အများအပြား ပျက်စီးခဲ့ရသည့် အီရတ်နိုင်ငံ ကယ်ကွတ်မြို့ရှိ ရှီရာဝါ ရေနံလုပ်ကွက်များ ပြန်လည်လည်ပတ်နိုင်ရေးအတွက် အီရတ်အလုပ်သမားတစ်ဦးက ကြိုးပမ်းလျက်ရှိသည်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
အီရတ် မြင်ကွင်း

ဖော်လူဂျာမြို့ကို ပစ်ခတ်ခဲ့ပြီးနောက် ကောင်းကင်သို့ ပျံတက်သွားသည့် အမေရိကန် ရဟတ်ယာဉ်နှစ်စင်းကို ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ယာဉ်မီးလောင်

ဘဂ္ဂဒက်အနောက်မြောက်ဘက် အယ်ခါဒရာဒေသ၌ အမေရိကန်စစ်ယာဉ်တစ်စီး တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းနေသည်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံပိုက်လိုင်း မီးလောင်ကျွမ်း

ဘဂ္ဂဒက်မြောက်ဘက် ၁၅၅ မိုင်အကွာ ဘေဂျီးမြို့အနီး သဲကန္တာရရှိ ရေနံပိုက်လိုင်း မီးလောင်ကျွမ်းလျက်ရှိသည်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကင်းတပ် ရေလှောင်တမံ

စစ်ကိုင်းတိုင်း ကျွန်းလှ မြို့နယ်အတွင်း ပတ်ဝန်းကျင် ကျေးရွာများ စိုက်ပျိုးရေ ရရှိရေးအတွက် အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည့် ကင်းတပ်ရေလှောင် တမံ ကိုတွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

မယ်ပန် ရေအားလျှပ်စစ်စက်ရုံ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အရှေ့ဘက်၌ တည်ဆောက် ပေးထားသော မယ်ပန် ရေအားလျှပ်စစ်စက်ရုံသည် ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ လျှပ်စစ်ဓာတ် အားလိုအပ်ချက်ကို ဖြည့်ဆည်း ပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်နေ ကျောင်းသား ကျောင်းသူများ ပညာရည်တိုးတက်စေရေးအတွက် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် လင်းယဉ်ကျေးရွာတွင် တိုးချဲ့တည်ဆောက်ပေးထားသည့်အခြေခံပညာ အလယ်တန်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စက်ရေတွင်း တူးဖော်

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မူဆယ်မြို့ကွက်သစ်၌ တည်ဆောက်မည့် ဆေးရုံသစ်မြေနေရာတွင် ရေတွင်းတူးစက်ဖြင့် ဤသို့ စက်ရေတွင်း တူးဖော်ဆောင်ရွက်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၉/၂၀၀၄) တွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၉/၂၀၀၄) တွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂)ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ဆက်လက်တင်ပြနိုင်ရေးစီစဉ်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များကို အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အစည်းအဝေးများကျင်းပပြီး အကြံပြုချက်စာတမ်းများ ရေးသားပြုစုလျက်ရှိကြောင်း၊ ယင်းစာတမ်းများကို ကိုယ်စားလှယ် အစုအဖွဲ့အလိုက် အစည်းအဝေးများတွင် ဖတ်ကြားတင်ပြလျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ထိုသို့ပြီးစီးပါက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဆက်လက် တင်ပြနိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကိုလည်းအဆင်ပြေချောမွေ့စေရန် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက ဆက်လက်စီစဉ် ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း ဆွေးနွေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အလိုက် စာတမ်းပြုစုနေမှု အခြေအနေ၊ အစုအဖွဲ့ အစည်းအဝေးများတွင် စာတမ်းများ ဖတ်ကြားတင်ပြနေမှုအခြေအနေနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖတ်ကြား တင်ပြမည့်စာတမ်းများပြုစု ပြီးစီးမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေး၊ ဆေးရုံတက်ရောက်၍ ဆေးကုသမှု ခံယူနေကြသော ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေး အခြေအနေတို့နှင့် ပတ်သက်၍လည်းကောင်း၊ ညီလာခံနားရက်များတွင် ကိုယ်စားလှယ်များအတွက် လေ့လာရေးခရီး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် စခန်းပြင်ပထွက်ခွာရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍လည်းကောင်း၊ ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များက အမျိုးသားညီလာခံ ကျင်းပခြင်းဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်း မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

“ကလေး” ဒေသအောင်ပွဲ

☆ တောင်တန်းနှစ်သွယ်
ကြားဝယ်လွင်ပြင်၊ ဒွေးမြစ်ယှဉ်ကာ
စီးသွင်တွေတွေ၊ ကလေးမြေတည့်။

☆ ‘နေရဋ္ဌရာ’၊ ရေလမ်းသာဆဲ
ရာဇဝိုဟ်အနီး၊ တမံဆီး၍
လျှပ်မီးရစေ…၊ စိုက်ပျိုးစေ…ဟု
နှစ်ထွေမျှော်မှန်း၊ လှိုင်ချိုင့်ဝှမ်း၌
လုပ်ငန်းရေရှည်၊ တည်ဆောက်နေ၏။

☆ ကလေးသို့တက်၊ တမူးထွက်မည့်
နက်မှောင်လမ်းသစ်၊ တားဆီးဖြစ်သည့်
‘မြစ်သာ’ကျော်လွှား၊ ကူးဖြတ်သွားရန်
တံတားခေတ်မီ
ဆောက်တည်ဖွင့်လှစ်၊ ပုံစံသစ်၏။

☆ မြစ်သာမြစ်နှင့်
နေရဋ္ဌရာ၊ မြစ်နှစ်မြွာလျှင်
မြို့ရွာကောင်းမှု၊ အကျိုးပြုရှင့်
မြေထုတမံ၊ ရေလှောင်ကန်နှင့်
မိုးပျံကျော်လွှား၊ သံတံတားနှင့်
စပါးကြွယ်ပေ၊ နုန်းတင်မြေနှင့်
ရေအားသုံး၍၊ နောင်တစ်နေ့ဝယ်
လင်းပေ့စွမ်းအင်၊ လုပ်ငန်းခွင်နှင့်
မြော်မြင်ရှေ့ရေး၊ စီမံပေးသည်
“ကလေး”ဒေသ အောင်ပွဲတည်း။ ။

(ရာဇဝိုဟ်ရေလှောင်တမံ စီမံကိန်းနှင့် မြစ်သာတံတားကို ဂုဏ်ပြုစပ်ဆိုပါသည်။)

ကို(တက္ကသိုလ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ ခုနှစ် ဇွန် ၁၂ ရက်၌ ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၆)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘာတ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်ရီဂေး ဗွီ လာရော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် ဆေးဝါးကုသမှုခံယူနေသောညီလာခံကိုယ်စားလှယ်များအား အားပေးစကားပြောကြား

ရန်ကုန် ဇွန် ၁၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး၊ ကော်မတီဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)တို့၌ ဆေးဝါးကုသမှု ခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။ (အပေါ်ပုံ)

ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးကုသမှု ခံယူနေကြသော တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ဦးသန်းထိုက်နှင့် ဦးကံသိန်း၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ် ဦးမန်းတင်အောင်သန်း၊ မြို့(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးဝင်းမာ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးစိုဖေ၊ ဦးခင်မောင်သိန်း၊ ဦးကျော်အေး၊ ဦးကျော်အောင်၊ ဦးခင်မောင်မြင့်၊ ဦးအောင်လင်း၊ ဦးကျော်ဝင်းကြည်နှင့် ဦးစောဝင်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်ဦးစိုးဝင်းနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထိန်လင်းတို့အားတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေများကို ဆေးဝါးကုသမှု ခံယူလျက်ရှိသော ညီလာခံ ကိုယ်စားလှယ်များအား ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀) သို့ ရောက်ရှိကြရာ တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထောက်ပံ့ငွေ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးကုသမှုခံယူနေကြသော တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးသိန်းလွင်နှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးခင်ဇော်တို့အား တွေ့ဆုံ၍ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံအစုအဖွဲ့ အစည်းအဝေးညောင်နှစ်ပင်စခန်း၌ကျင်းပ ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ်အကြံပြုစာတမ်းများဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၁၁

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့သည် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းဖတ်ကြားမည့် စာတမ်းများ ဖတ်ကြားခြင်းကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့သည် သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းပြုစုရေးအဖွဲ့ခေါင်း ဆောင်များ အကြံညှိနိုင်းစာတမ်းဖတ်ကြားခြင်းကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ အကြံပြုစာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံအစုအဖွဲ့ ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးယောအေးလှ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၁နာရီတွင် ဆွေးနွေးပွဲခန်းမ (၂) ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးပါတီမှ ဦးစံသာအောင်နှင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှဦးမောင်ကြီးတို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၄)မှဒုတိယညွှန်ကြားရေးမှူးဦးမောင်မောင်ဖြူတင့်နှင့်တွဲဖက်အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်သည့်ကိုယ်စားလှယ်ရာခိုင်နှုန်း ၈၆ ဒသမ ၆၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်း နှင့်သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိဦးယောအေးလှကအဖွင့်အမှာစကားပြောကြားသည်။

သဘာပတိထံပေးအပ်

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြပြီး စာတမ်းရှင်ကသဘာပတိထံပေးအပ်သည်။

ယင်းနောက် သဘာပတိ ဦးယောအေးလှက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တင်ပြမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းအား သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင်များအကြံညှိနိုင်း စာတမ်းဖတ်ပွဲကိုနံနက် ၉နာရီ ၁၀မိနစ်တွင်ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော မန္တလေးတိုင်းမှ ဦးမြစိန်၊ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့်တနင်္သာရီတိုင်းမှ ဦးမောင်လု

(၁) ဦးလှမြင့်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစု အဖွဲ့မှ စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင် (၁၄) ဦးနှင့် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့ တက်ရောက်ကြသည်။

ရှေ့ဦးစွာ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးတွင် ဖတ်ကြားမည့် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုစာတမ်းကို စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင်များ၏ ကိုယ်စား ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူ၊ ရောဝတီတိုင်းမှ ဒေါ်နန့်ဥမ္မာမြ၊ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန်ဒွဲ့ဘူ၊ ရခိုင်ပြည်နယ်မှဒေါ်မခင်ဝင်းနှင့် မန္တလေးတိုင်းမှ ဦးအောင်ထွန်းတို့က ဖတ်ကြားကြပြီး နံနက် ၁၁ နာရီတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ (၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်သိမ်းနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်ရာခိုင်နှုန်းအားဖြင့် ၉၅ဒသမ၇ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ထို့နောက် သဘာပတိရန်ကုန်တိုင်းမှ ဦးမြအေးက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ် သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းကို ချင်းပြည်နယ်မှ ဦးကပွတီအယ်လ်နှင့် မကွေးတိုင်းမှ ဦးဝင်းရွှေတို့က ဖတ်ကြား တင်ပြကြသည်။

ယင်းနောက်သဘာပတိဦးမြအေးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၃ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံအစုအဖွဲ့ ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးစဉ်။

(သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ (၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထိက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းနှင့် မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူးဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်ရာခိုင်နှုန်းအားဖြင့် ၉၂ဒသမ၃၈ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)မှ ဦးအောင်ခမ်းထိက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ (၄)တို့မှ ညီလာခံကိုယ်စားလှယ်များ၏ စုပေါင်းအကြံပြုချက် စာတမ်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ဦးမင်းအိမ်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် သဘာပတိ ဦးအောင်ခမ်းထိက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဦးအောင်ခမ်းထိ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား အချစ်အိမ်ကလေးရုပ်ရှင်ဇာတ်ကားဖြင့်ဖျော်ဖြေ

ရန်ကုန် ဇွန် ၁၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ညဂနာရီမှ စတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြီးမြင့် ရိုက်ကူးပြီး သရုပ်ဆောင် လွင်မိုး၊ နန္ဒာလှိုင်၊ စိုးမိုးကြည်၊ ခင်စိုးပိုင်နှင့် ထွန်းထွန်းဝင်းတို့ ပါဝင်သရုပ်ဆောင်ထားသည့်“အချစ်အိမ်ကလေး” ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

ဒေသဝမ်းစာဖူလုံမှ တိုင်းရင်းသားများ၏စီးပွားရေးဘဝဖွံ့ဖြိုးမည် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံဖြစ်ထွန်းရေးကြိုးပမ်း

စာရွက်စာတမ်းများပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လယ်ထွန်စက် ခြောက်စီးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် လောက်ကိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ ရက် နံနက်ပိုင်းတွင် လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

အစီအစဉ်အရ လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဇော်က လောက်ကိုင်ခရိုင်၏ တည်နေရာနှင့်အကျယ်အဝန်း၊ နယ်နိမိတ်၊ လူဦးရေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏စီးပွားရေးဆိုင်ရာအချက်အလက်များ၊ ပညာရေး၊ လူမှုရေးနှင့်နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်းတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ဌာနဆိုင်ရာများကဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ မဖြစ်မနေကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နယ်မြေဒေသ အသီးသီးသည် ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းရင်းသား ပြည်သူတို့၏ လူနေမှု ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ဒေသဝမ်းစာဖူလုံရေး

ဒေသဝမ်းစာ ဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံတောင်သူလယ်သမားများ၊ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဒေသဝမ်းစာ ဖူလုံမှသာ တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေးဘဝသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

နိုင်ငံတော်သည် စိုက်ပျိုးရေးကို ဖော်ချလုပ်နေသကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်နေကြောင်း။

သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများနှင့်အတူ ဒေသဝမ်းစာဖူလုံပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လောက်ကိုင်ခရိုင်ရှိ ချင်းရွှေဟော်နှင့် ကုန်းကြမ်းမြို့နယ်တို့၌ ၂၀၀၄–၂၀၀၅ခုနှစ် မိုးသီးနှံများစိုက်ပျိုးပြီးစီးမှု အခြေအနေမှာ မိုးစပါး ၈၆၁၆ ဧက၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၂၇၈၂ ဧက၊ ပန်းဂျုံ ၁၃၅၄ ဧက၊ အခြားနှံစား(လူး/ဆတ်) ၅၈ ဧက၊ ပဲပုပ် ၉၇၇ ဧက၊ ပဲစင်းငုံဧက ၁၁၀၊ မြေပဲ ၇၇ ဧက၊ သစ်ဆိမ့် ၆၈၆ ဧက၊ ကြံ ၈၀၁၆ ဧက၊ လက်ဖက် ဧက ၅၁၀၀၊ ငရုတ် ၃၁၇ ဧကနှင့် အခြားစားသုံးသီးပင်များကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည်

လောက်ကိုင်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖွံ့ဖြိုးတိုးတက်မှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ညနေ ၄ နာရီတွင် တာမိုးညဲဒေသတိုင်းရင်းသားယဉ်ကျေးမှုခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ဆက်လက်၍ ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါးလမ်း ဖောက်လုပ်မှု အခြေအနေများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွတ်ခိုင်မြို့နယ် လက်ထောက်အင်ဂျင်နီယာ ဒေါ်လှလှဌေးက ရှင်းလင်းတင်ပြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် ပေးအပ်သော လယ်ထွန်စက် ခြောက်စီးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တာမိုးညဲဒေသ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမြင့်လွင်၊ ကချင်ပြည်နယ် အထူးဒေသ(၂)အဖွဲ့ဥက္ကဋ္ဌ ဦးလွမ်းဒေါင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်ယွန်းတို့အားလွှဲပြောင်းပေးအပ်သည်။

ကျေးဇူးတင်စကား

ယင်းနောက် တာမိုးညဲဒေသတိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမြင့်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တာမိုးညဲဒေသအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အရှည် ၄၅မိုင်၊ အကျယ် ၁၂ ပေရှိ ကွတ်ခိုင်– တာမိုးညဲ–မုံးစီးလမ်းကို ၁၉ မိုင် ကတ္တရာခင်းပြီးဖြစ်ပြီး ၂၆ မိုင်အထိ ကျောက်ခင်းထားပြီးဖြစ်သည်။ ထို့ပြင် အရှည် ၂၈ မိုင်ရှိ တာမိုးညဲ–ပန်ဖတ်လမ်းကို ၁၂ မိုင်ကျောက်ခင်းပြီးစီးပြီး အရှည် ၂၁ မိုင်ရှိ မုံးစီး–တာပါးလမ်းကို မြေသားလမ်းအဖြစ် ဖောက်လုပ်ထားပြီးဖြစ်သည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကွတ်ခိုင်–တာမိုးညဲ–မုံးစီးလမ်း မိုင်တိုင်အမှတ်(၆၆)၌ သံလွင်တံတား(တာပါး) တည်ဆောက်ရေးစီမံကိန်းကိုလည်း ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်တည်ဆောက်လျက်ရှိရာ မုံးစီးဘက်ကမ်းနှင့် တာရွှေထန်ဘက်ကမ်းတို့၌ တာဝါတိုင် အုတ်မြစ်နှစ်ခုကို ၁၀၀ ရာခိုင်နှုန်းတည်ဆောက်ပြီးဖြစ်သည်။ ကြိုးထိန်းတုံး တည်ဆောက်ရန် အုတ်မြစ်မြေတူးခြင်းမှာလည်း မုံးစီးဘက်ကမ်း၌ ၁၀၀ ရာခိုင်နှုန်း၊ တာရွှေထန်ဘက်ကမ်း၌ ၅၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါသံလွင်တံတားမှာ 4 Pile Foundation ဖြစ်ပြီး သံမဏိသံပေါင်ကြိုးတံတား (တစ်လမ်းသွား) သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစား တံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၆၀၀၊ ယာဉ်သွားလမ်း အကျယ်မှာ ၁၆ ပေ ၄ လက်မဖြစ်သည်။

ဖွံ့ဖြိုးရေး

ယင်းတံတားတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေးဆက်သွယ်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်သွက်လက်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဇွန် ၁၁ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Oleg V.Kabanov နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးအောင်သောင်း သန်လျင်မြို့နယ်အတွင်းရှိစက်ရုံများစစ်ဆေး

ရန်ကုန် ဇွန် ၁၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း သန်လျင်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သန်လျင်ဖန်ချက်စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြင်ဆင်မှုလုပ်ငန်းများကို ထုတ်လုပ်မှုလုပ်ငန်းများအား ထိခိုက်မှုမရှိစေပဲ၊ ကဏ္ဍတစ်ခုချင်းအလိုက်ပြုပြင်သွားရေး၊ လိုအပ်သော အပိုပစ္စည်းများအမြန်ရရှိရန် စီမံဆောင်ရွက်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တစ်နေ့တန်(၁၀၀)ကျ ပုလင်းစက်ရုံသစ်စီမံကိန်းသို့ ရောက်ရှိ၍ မြို့ပြဆိုင်ရာ ဆက်လက်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှ တစ်ဆင့် ဝန်ကြီးသည် အထည်ချုပ်စက်ရုံ အမှတ်(၃)သို့ ရောက်ရှိပြီး ရက်ကန်းစက်များ တပ်ဆင်မည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့အထည်အလိပ် လုပ်ငန်း သန်လျင်အထည်ချုပ်စက်ရုံ (၁၈)သို့ ရောက်ပြီး စက်ရုံလုပ်ငန်းခွင်ရှိ အထည်ချုပ်ခြင်းလုပ်ငန်းများ၊ အထည်ပုံစံညှပ်ခြင်းလုပ်ငန်းများ၊ ဇာခြင်ထောင်ချုပ်ခြင်းလုပ်ငန်းများနှင့် သက်န်းချုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် သန်လျင်ဖိနပ်စက်ရုံ အမှတ်(၂)သို့ ရောက်ရှိပြီးစက်ရုံထုတ် ဖိနပ်မျိုးစုံကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာကွန်ပေါင်းအမျိုးမျိုးကိုလည်းကောင်း၊ စက်ရုံထုတ်ရော်ဘာဆိုလ်းများနှင့် ဖိနပ်သဲကြိုးထုတ်လုပ်မှုကိုလည်းကောင်း၊ ဖိနပ်အောက်ခံထုတ်လုပ်မှုနှင့် ကားမိုးကာထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သန်လျင်မြို့ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စက္ကူထုပ်ပိုးစက်ရုံသို့ ရောက်ရှိ၍ ကိုရီးယားသမ္မတနိုင်ငံ Amari Counter Trade Pte., Ltd. မှ ကျွမ်းကျင်ပညာရှင်များက လှိုင်းတွန့်စက္ကူစက် Duble Wall Corrugator Line တပ်ဆင်နေမှု အခြေအနေများကို စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေးရောင်ချယ်ပုံနှိပ်စက် (4 Colour Printer Slotter) အသစ်တပ်ဆင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သန်လျင်ဖန်ချက်စက်ရုံဝင်းအတွင်းရှိ တစ်နေ့တန်(၁၀၀)ကျ ပုလင်းစက်ရုံစီမံကိန်း၏ မြို့ပြဆိုင်ရာ ဆက်လက်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၁)

တည်ဆောက်မှု

ဝန်ကြီးသည် ညနေပိုင်းတွင် ရေတပ်သင်္ဘောကျင်းဌာနချုပ် သီလဝါသင်္ဘောကျင်းဌာနသို့ ရောက်ရှိပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန်(၂၀၀)ကျ စက္ကူပျော့ဖတ်စက်ရုံ (သာပေါင်း) အတွက် တန် ၄၃၀ ဆံ့ မီးထိုးဆီတင် စက်တပ်ရေယာဉ်လေးစီး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် မွန်ပြည်နယ်တွင် တစ်ခါတစ်ရံ မိုးရွာသွန်းမှုနည်းပါးတတ်၍ စပါးသီးနှံ တစ်မျိုးအတွက်ပင် အောင်ရေရရှိရန် ခက်ခဲမှုရှိကြောင်း လေ့လာတွေ့ရှိကြသည်။ မွန်ပြည်နယ်သည် တောင်တန်းများပေါများပြီး ၎င်းတောင်တန်းများမှ စီးဆင်းလာသော ရေပမာဏမှာ မိုးရာသီတွင် များပြားခြင်းကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုများကို တွေ့ကြုံခံစားခဲ့ကြရသည်။

ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ယင်းပြဿနာများကို ဖြေရှင်းရန်အတွက် မွန်ပြည်နယ်တွင် ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ဖွင့်လှစ်ခဲ့

ယင်းသို့ ဆောင်ရွက်ရာတွင် မုဒုံမြို့နယ်၌ ရေသောက်ဧရိယာနှင့် ရေဘေးကာကွယ်ရေးအတွက် ဧရိယာ ဧက၃၀၀၀ အကျိုးပြုသော အဇင်းရေလှောင်တမံကို ၁၉၉၀ပြည့်နှစ် အောက်တိုဘာ ၁၉ရက်တွင်လည်းကောင်း၊ သထုံမြို့နယ်တွင် လယ်မြေဧက ၂၄၀၀ အကျိုးပြုသော ဝါးပါးရေလှောင်တမံကို ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်က လည်းကောင်း၊ မော်လမြိုင်မြို့နယ်တွင် လယ်ဧက ၄၀၀အကျိုးပြုစေရန် ရွှေနတ်တောင်ရေလှောင်တမံကို ၁၉၉၆ခုနှစ် မတ် ၂၃ရက်ကလည်းကောင်း၊ လယ်ဧက ၁၃၀၀၀အကျိုးပြုသော ဝင်းဖနုံရေလှောင်တမံကို မုဒုံမြို့နယ်တွင် ၂၀၀၁ ခုနှစ် မေ ၂၆ ရက်ကလည်းကောင်း၊ ဘီးလင်းမြို့နယ်တွင် လယ်မြေဧက ၃၀၀၀အကျိုးပြုသော ဘီးလင်းကျောက်ဖြည့် ရေလွှဲဆည်ကို ၁၉၉၅ခုနှစ် မတ် ၂၃ရက်၌ လည်းကောင်း၊ သထုံမြို့နယ်တွင် ဇိုက္ကတဲရေထိန်းတံခါးကို လယ်ဧက ၂၀၀၀၀ အကျိုးပြုနိုင်ရန် ၂၀၀၂ခုနှစ် ဇွန် ၂၅ရက်တွင်လည်းကောင်း၊ လယ်မြေဧက ၂၂၀၀၀အကျိုးပြုမည့် ကျုံထော်ရေထိန်းတံခါးကို ပေါင်မြို့နယ်၌ ၂၀၀၄ ခုနှစ် ဧပြီ ၂၄ရက်က လည်းကောင်း အသီးသီးဖွင့်လှစ်နိုင်ခဲ့သည်။

အလားတူ မွန်ပြည်နယ်တွင် တည်ဆောက်မည့်ဆည်အစုအဖွဲ့မှဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်တွင် ကတိုက်ရေလှောင်တမံကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ မြန်မာ့အလင်းသတင်းအဖွဲ့သည် လွန်ခဲ့သော မေ ၉ရက်ကသွားရောက်လေ့လာခဲ့ကြသည်။

ကတိုက်ရေလှောင်တမံမှာ သထုံ၊ မုတ္တမကားလမ်းမှ ငါးမိုင်ခန့်ဝေးကွာသော ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်ကွာဝေးသော နေရာ၌ တည်ရှိပြီး မြန်မာ့အလင်းသတင်းအဖွဲ့အား တည်ဆောက်ရေး(၆)လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ထွန်းလတ်က စီမံကိန်းတည်ရှိရာ ကတိုက်ရေလှောင်တမံသို့ အရောက်လိုက်ပို့ပေးသည်။ ကတိုက်ရေလှောင်တမံတွင် ဦးစီးအရာရှိ ဦးခင်ဇော်က ကြိုဆိုပြီး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။

ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က ပဏာမရှင်းပြရာတွင် "ကတိုက်ရေလှောင်တမံစီမံကိန်းကို ၂၀၀၁–၂၀၀၂ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ဆက်သွယ်ရေးလမ်းဖောက်ခြင်း၊လုပ်ငန်းခွင်ရှင်းလင်းခြင်းတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၂–၂၀၀၃ခုနှစ်တွင် မြေကြီးလုပ်ငန်းများစတင်ခဲ့ကြောင်း၊ သပ်ကျင်းတူးဖော်ခြင်း၊ တမံမြေဖို့ခြင်းလုပ်ငန်းများလုပ်ကိုင်ခဲ့ကြောင်း။

တမံမြေဖို့ခြင်းလုပ်ငန်းကိုမြေကျင်းခုနစ်သောင်းမှ တစ်သိန်းအထိ ဖို့နိုင်ခဲ့ကြောင်း၊ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် မြေကျင်း နှစ်သိန်းဖို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပေါင်မြို့နယ်ဒေသတွင် မိုးရွာသွန်းအား ကောင်းခြင်းကြောင့် မိုးမကျမီ အချိန်မီ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ လာမည့်နှစ်တွင် ချောင်းပိတ်ပြီး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးခင်ဇော်က ဆက်လက်ရှင်းလင်းပြရာတွင် "ကတိုက်ရေလှောင်တမံတည်ဆောက်ခြင်း၏ ရည်ရွယ်ချက်မှာ လယ်မြေဧက တစ်သောင်း ပေါင်မြို့နယ်နှင့် သထုံမြို့နယ်အတွင်း၌ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေပေးရန် ရည်ရွယ်ဆောင်ရွက်ကြောင်း။

ရေဖြည့်ပေးမည်

ကတိုက်ရေလှောင်တမံသို့ မိုးရာသီတွင် ဝင်လာသောရေများကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း၊ အောက်ပိုင်းရှိရေနက်ကွင်းတွင် မိုးရေကို ထိန်းထားခြင်းဖြင့် ရေကြီးခြင်းကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ကတိုက်ရေလှောင်တမံမှ သိုလှောင်ထားသော ရေကို အောက်ဘက်တွင်ရှိသော ကျုံထော်နှင့် ကတွန်ရေတံခါးများ၌နွေရာသီကာလ၌ ရေလိုလျှင်ကတိုက်ရေလှောင်တမံက ဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း။

မိုးရာသီတွင် တောင်များပေါ်မှ ကျလာသော ရေမှာ ဧက ပေ ခြောက်သောင်းခန့်ရှိ၍ လယ်ကွင်းများ ရေနစ်မြုပ်လေ့ရှိကြောင်း၊ လယ်ကွင်းများ ရေနက်ကွင်း ဖြစ်သွားခြင်းကြောင့် လယ်ယာသီးနှံ မစိုက်ပျိုးနိုင်ဘဲရှိခဲ့ကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသော ကတိုက် ရေလှောင်တမံစီမံကိန်းအရ မိုးအခါ ကျဆင်းလာသောရေများကို ထိန်းသိမ်းထားလိုက်ခြင်းဖြင့် ရေနစ်မြုပ်မှုကို အထိုက်အလျောက်ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း။

ရေအားလျှပ်စစ်

မိုးရာသီတွင် ထိန်းထားသော ရေများကို နွေရာသီတွင် နွေစပါးစိုက်ပျိုးရေးအတွက် ဖြန့်ဖြူးပေးနိုင်ခြင်း၊ မိုးရာသီတွင်လည်း ကတိုက်ရေလှောင်တမံတွင် ရေများ ထိန်းပေးထားမှုကြောင့် မိုးစပါးကို စောစောစိုက်ပျိုးနိုင်ခြင်းနှင့် ကတိုက်ရေလှောင်တမံရေထုတ်ပြွန်မှ အချင်း၂ပေရှိသော ရေပိုက်မှ ရေများထုတ်ပေးပြီး ရေအားလျှပ်စစ် ဒသမ၆ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်ပေးရန်လည်း ဆောင်ရွက်ထားကြောင်း။

ဒေသသုံးနိုင်ရန်

ရေအားလျှပ်စစ်ဓာတ်အားမှာ ဒေသသုံးနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၊ ရပ်ကွက်များအတွက် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းလင်းပြသည်။

ကတိုက်ရေလှောင်တမံကိုကတိုက်ချောင်းကိုပိတ်၍ တည်ဆောက်ခြင်းဖြစ်ပြီး မြေသားတမံအမျိုးအစားတမံတည်ဆောက်မည် ဖြစ်သည်။ တမံအမြင့်မှာ ၁၃၄ ပေ ရှိမည်ဖြစ်ပြီး တမံအလျားမှာ ပေ ၅၂၀၀ ရှိမည်ဖြစ်သည်။ ကတိုက်ရေလှောင်တမံမှာ ရေဆင်းဧရိယာ ရှစ်စတုရန်းမိုင်ရှိပြီး ၄ ပေ x ၆ ပေရှိ ရေထုတ်ပြွန် နှစ်ပေါက်ဖြင့် ရေထုတ်ပြွန်အလျားမှာ ပေ ၆၅၀ ရှိသည်။

ကတိုက်ရေလှောင်တမံသို့ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၅၉၀၀၀ စီးဝင်မည်ဟု သိရပြီး ကန်ရေပြည့်ရေပြင်အကျယ်သည် ဧကပေ ၉၅၀ ရှိမည်ဖြစ်၍ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၅၆၀၀၀ သိုလှောင်မည်ဖြစ်သည့်အပြင် ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၁၂၀၀ ရှိမည်ဖြစ်သည်။

ရေပိုလွှဲတည်ဆောက်

သိုလှောင်ထားသော ရေဧကပေပမာဏထက် ပိုဝင်လာသော ရေများကို ရေပိုလွှဲမှနေ၍ ရေများထုတ်ပေးမည်ဖြစ်သည့်အလျောက် Broad Crest With (3) feet Shutter ရေပိုလွှဲဖြင့် ရေပိုလွှဲမည်ဖြစ်၍ ရေပိုလွှဲအကျယ်သည် ပေ ၆၀၊ အလျား ပေ ၈၀၀ ရှိသော ရေပိုလွှဲကို တည်ဆောက်မည်ဖြစ်သည်။

ကတိုက် ရေလှောင်တမံကို နိုင်ငံတော်မှ ကျပ်ငွေ သန်းပေါင်း ၂၅၀ ခန့် အကုန်အကျခံ၍ တည်ဆောက်လျက်ရှိရာ ကတိုက်ရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် ရင်းငြိမ်ချောင်းအောက်ပိုင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး လယ်မြေဧက ၁၀၀၀၀ကို သီးထပ်များစိုက်ပျိုးနိုင်ရန်အတွက် ရေပေးဝေနိုင်မည်ဖြစ်ပေရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုမည့် စီမံကိန်းတစ်ရပ်ဖြစ်ကြောင်းကွင်းဆင်းလေ့လာရေးသား ဖော်ပြအပ်ပါသည်။

(မြန်မာ့အလင်း)

လက်ခံ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ် ပံ့ပိုးငွေများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စေတနာရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူရှင်များကပညာသင်စရိတ်လှူဒါန်း

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်အလှူရှင်များက ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ပါမောက္ခ ဒေါက်တာ ရဲမြ၊ ဒေါက်တာ ဒေါ်ကက်သရင်းဘသိုက် မိသားစုကငွေကျပ် ၉၁၀၀၀၊ ပညာရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၂၇ ဦးတို့က ငွေကျပ် ၁၃၁၀၀၀၀၊ အမျိုးသမီးငယ်/ရွယ်လုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၁၆ ဦးတို့က ငွေကျပ် ၁၂၂၀၀၀၀၊ ဘဏ္ဍာရေးနှင့်စီမံရေးရာလုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၁၀ ဦးတို့က ငွေကျပ် ၁၀၂၀၀၇၀၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့နှင့်အလှူရှင် ၁၄ ဦးတို့က ငွေကျပ် ၄၀၀၀၀၀၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့နှင့်အလှူရှင် ၁၀ ဦးတို့က ငွေကျပ် ၅၅၀၀၀၀၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၂၄ ဦးတို့က ငွေကျပ် ၃၀၀၀၀၀၊ ပြန်ကြားရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင် ၂၁ ဦးတို့ကငွေကျပ် ၄၉၀၀၀၀၊ ဥပဒေရေးရာ လေ့လာအကြံပြုရေး လုပ်ငန်းအဖွဲ့နှင့် အလှူရှင်လေးဦးတို့က ငွေကျပ် ၃၈၀၀၀၀၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့နှင့်အလှူရှင် သုံးဦးတို့က ငွေကျပ် ၂၀၀၀၀၀၊ စည်းရုံးရေးအဖွဲ့နှင့်အလှူရှင် ၁၃ ဦးတို့က ငွေကျပ် ၁၈၀၀၀၀၊ ကျန်းမာရေးအဖွဲ့နှင့် အလှူရှင် ၁၇ ဦးတို့က ငွေကျပ်၁၂၀၀၀၀၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့က ငွေကျပ်၁၀၀၀၀၀၊ စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် အလှူရှင်နှစ်ဦးတို့က ငွေကျပ် ၈၀၀၀၀၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့က ငွေကျပ် ၅၀၀၀၀၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့က ငွေကျပ် ၃၀၀၀၀ စုစုပေါင်းလုပ်ငန်းအဖွဲ့များနှင့် အလှူရှင် ၁၆၂ ဦးတို့၏ လှူဒါန်းငွေကျပ် ၆၅၂၁၀၇၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း) ရေကြောင်းအစုန်/ အဆန်လမ်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇွန် ၁၁

ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း)ရေကြောင်းတွင် ရေယာဉ်များခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်(၁၃)နှင့် (၁၄)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၄)နှင့်(၁၅)အကြားမှလည်းကောင်းဖွင့်လှစ်ထားခဲ့သည်။

ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၃)နှင့်(၁၄)အကြားမှ လည်းကောင်း ၂၀၀၄ ခုနှစ် ဇွန် ၁၅ ရက်မှစ၍ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြားအမှတ်အသားပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် တိုင်ခြေကပ်၍ ခုတ်မောင်းခြင်းမပြုရန်၊ ရေယာဉ်နှစ်စင်း တံတားတိုင်အကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်တစ်ရပ် ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကတိုက်ရေလှောင်တမံစီမံကိန်းတွင် စက်ယန္တရားများဖြင့် တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

အာရှဒေသဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆွေးနွေးပွဲ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီတက်ရောက်ရန်မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် နဝမအကြိမ် အာရှဒေသဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

ဇွန် ၁၀ ရက်က မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ (က)အဆင့် ပထမတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

လူမှုရေးအသင်းအဖွဲ့များသို့ မြန်မာဘရူဝါရီလီမိတက်မှအလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၁

မြန်မာဘရူဝါရီလီမိတက်၏ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ မြန်မာဘရူဝါရီလီမိတက်ကူးသန်းရောင်းဝယ်ရေးရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. David Teng ၊ ဒုတိယ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)နှင့် မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. David Teng က လှူဒါန်းငွေကျပ်သိန်း ၃၀ ကို ကော့မှူးမြို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နာယက ဦးသောင်းကြည်အား ပေးအပ်လှူဒါန်းသည်။**(ဓါတ်ပုံ)**

ဆက်လက်၍ မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများက စုပေါင်း၍ ကော့မှူးမြို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အဝတ်အထည်နှင့် ကျောင်းသုံးဗလာစာအုပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်းသို့ သွားရောက်ပြီး မြန်မာဘရူဝါရီလီမိတက်အထွေထွေမန်နေဂျာMr. David Tengက ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေဆင့်အားအလှူငွေကျပ်သိန်း ၃၀ ကို လည်းကောင်း၊ မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများက စုပေါင်း၍ မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်းသို့ အဝတ်အထည်နှင့် ကျောင်းသုံးဗလာစာအုပ် ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝင်္ကပါ)သို့သွားရောက်၍ မြန်မာဘရူဝါရီလီမိတက် ဒုတိယ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)က ကျောင်းအုပ်ဆရာမကြီး ဒေါ်သွန်းညွှန့်ခင်အား အလှူငွေကျပ်သိန်း ၃၀ ကို လည်းကောင်း၊ မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများက စုပေါင်း၍ အဝတ်အထည်နှင့် ကျောင်းသုံးဗလာစာအုပ်ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ(ခဝဲခြံ)သို့ သွားရောက်ပြီး မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းရေးရာလက်ထောက်မန်နေဂျာ ဦးမောင်မောင်စိုးမိုးကအလှူငွေကျပ်သိန်း ၃၀ ကို အတွင်းရေးမှူး ဦးသိန်းလွင်အားလည်းကောင်း၊ မြန်မာဘရူဝါရီလီမိတက်မှဝန်ထမ်းများက စုပေါင်း၍ အဝတ်အထည်နှင့် ကျောင်းသုံးဗလာစာအုပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇီနာဒွန်းအား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ကျပ်သိန်း ၁၂၀

မြန်မာဘရူဝါရီလီမိတက်မှ လူမှုရေး အသင်းအဖွဲ့လေးဖွဲ့သို့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် သိန်း ၁၂၀ ဖြစ်သည်။ **(သတင်းစဉ်)**

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းရွှေတောင်ကျောင်းဓမ္မရိပ်သာ၌ (၁၁)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဇွန်၁၇ရက်မှ ၂၃ရက်အထိ ကျေးဇူးရှင် လယ်တီ ဆရာတော်ကြီး၏တပည့်အနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုပွားနည်းအရ ဆရာတော်ဘဒ္ဒန္တ သောဘိတ(သာသနဓဇ သိရီပဝရဓမ္မာစရိယ)ဦးဥဇ္ဇောတ (သာသနတက္ကသိုလမဟာဓမ္မာစရိယ M.A Buddhism)၊ ဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာမကြီး ဒေါ်ခင်အေးတို့က ဟောပြောပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများသည် အထက်ပါရိပ်သာ ဖုန်း-၆၆၇၉၆၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ဇွန် ၁၆ရက် ညနေ ၅နာရီအရောက်လာရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရူပါဂျာနယ် အမှတ်(၁၇)ဖြန့်ချီ

ရန်ကုန် ဇွန် ၁၁

ဓာတ်ကားတစ်ကား၏အသက်က ဒါရိုက်တာလက်ထဲမှာ ရှိတယ်ဆိုတဲ့ မျိုးစန္ဒီကျော်၊ နှလုံးလှဆရာဝန်၏ ဝင်းပပလှသူလေး ဆွန်ယောင်း၊ ရှုတင်ပေါ်က တကယ့်အဖြစ်အပျက်များ၊ ဇာဂနာနှင့် ဆုငွေတစ်သိန်း၊ စိုးမြတ်မင်း၊ ရန်ပိုင်၊ မာလတို့အကြိုက် ယူရို ၂၀၀၄ပြိုင်ပွဲဝင်ဘောလုံးအသင်း၊ LGဖလားအကြိုပဏာမမြန်မာ့လက်ရွေးစင်အသင်းအပေါ် နည်းပြချုပ်နှင့် မြန်မာ့ လက်ရွေးစင်ဟောင်းတို့၏ အမြင်၊ အမြင်ကျယ်သွားသော မင်းသား မင်းသမီးများ အပါအဝင် ရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုစတိုင်အလှ ရောင်စုံဓာတ်ပုံတို့ဖြင့် ပြည်တွင်း၊ ပြည်ပအနုပညာနှင့် အားကစားနယ်ပယ်တို့မှ ရူပါတို့ အကြောင်းဖော်ပြထားသည့် ရူပါ သတင်းဂျာနယ်ကို ဆင်တောင်ကြီး စာပေအမှတ်(၄၁)၊၂၉လမ်း ရန်ကုန်မြို့က ယနေ့ ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇွန်လအတွက်

(၁၃-၆-၂၀၀၄)ရက်နေ့

နှင့်

(၂၇-၆-၂၀၀၄)ရက်နေ့



မြန်မာနိုင်ငံမြောက်ပိုင်းအနောက်တောင်မုတ်သုံလေဝင်မည်

ရန်ကုန် ဇွန် ၁၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့ပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(မှော်ဘီ)၌ ၁ ဒသမ ၇၇လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ဒသမ ၆၉ လက်မနှင့် မင်းတပ် မြို့တွင် ၁ဒသမ ၅၇လက်မ တို့ဖြစ်ကြပြီး ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေကြောင်း သိရသည်။

ဇွန် ၁၂ရက် ညနေထိ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ နောက်နှစ်ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၆-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၁၅	၆။	သင်ပုန်းရေလျောင်တမံ
၈း၃၀	၇။	International News
၈း၄၅	၈။	Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၂း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၂၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"**(အပိုင်း-၄၉)
၁၃း၅၀	၇။	ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ လွိုင်ဆမ်ဆစ်စိုက်ပျိုးရေးဇုန်
၁၄း၀၀	၈။	**"တို့ခြံထဲမှာခုတောဖြင့်ပျော်စရာ"** (ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ လမင်းကိုကို) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)
၁၄း၃၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅	၁၀။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၁၇း၁၅	၆။	အကပဒေသာ
၁၇း၃၀	၇။	တေးဂီတအစီအစဉ်
၁၇း၄၀	၈။	ရှမ်းရိုးရာဝတ်စားဆင်ယင်မှု
၁၇း၄၅	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၁၀	၁၀။	တေးဂီတအစီအစဉ်
၁၈း၂၀	၁၁။	အေးချမ်းဝေစည်ရှမ်းတို့ဌာနီ (အရှေ့ပိုင်း)
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	Discovery
၁၉း၁၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၁၉)
၁၉း၄၅	၁၆။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **"သဒ္ဒါ"** (အပိုင်း-၁) (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဒေါနု)
၂၂း၃၀	၂၁။	Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ပေါ်တူဂီနှင့်ဂရိ)**
၁း၁၅	၂၂။	Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(စပိန်နှင့် ရုရှား)**

12-6 (12).p65 1 03/25/1905, 2:24 PM

ယူရို ၂၀၀၄ ပေါ်တူဂီနှင့် ဂရိ အဖွင့်ပွဲစဉ် ဒိုင်လူကြီးကော်လီနာတာဝန်ထမ်းဆောင်မည်

ရန်ကုန် ဇွန် ၁၁



အီတလီနိုင်ငံမှ နာမည်ကျော်ဒိုင်လူကြီး ပီယာလူဂီကော်လီနာ **(ယာပုံ)** သည် ၂၀၀၄ ခုနှစ် ဥရောပ ဖလား ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၂ ရက်တွင် Estadio da Dragaoကွင်း၌ ယှဉ်ပြိုင်ကစားမည့် အိမ်ရှင်ပေါ်တူဂီနှင့် ဂရိပွဲစဉ်ကို ကွင်းလယ် ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဒိုင်လူကြီး ကော်လီနာသည် အသက် ၄၄နှစ်ဖြစ်ပြီး အီတလီနိုင်ငံမှ ဘိုလော့နာအသင်း၏ ငွေကြေးဆိုင်ရာ အကြံပေးလည်းဖြစ်သည်။ ကော်လီနာသည် အီတလီ၏ အကောင်းဆုံးဒိုင်လူကြီးတစ်ဦးဖြစ်ပြီး နိုင်ငံတကာပွဲများ၌ အရေးကြီးသော နောက်ဆုံးဗိုလ်လုပွဲစဉ်များကို တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။

၂၀၀၂ခုနှစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲဖြစ်သည့် ဘရာဇီးနှင့် ဂျာမနီပွဲ၊ ၁၉၉၉ ခုနှစ် ဥရောပချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲဖြစ်သည့် မန်ချက်စတာယူနိုက်တက်နှင့် ဘိုင်ယန်မြူးနစ်ပွဲတို့၌ ကွင်းလယ်ဒိုင်အဖြစ်တာဝန်ယူခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပြီးဆုံးသွားသည့် ယူအီးအက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲဖြစ်သည့် ဗလန်စီယာနှင့် အိုလံပစ်မာဆေးလ်ပွဲစဉ်ကို တာဝန်ထမ်းဆောင်ခဲ့ပြီး မာဆေးလ်မှ ဂိုးသမား ဘားသက်(ပြင်သစ်)အား တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သူဖြစ်သည်။

ပီယာလူဂီကော်လီနာက "ယူရို ၂၀၀၄ အဖွင့်ပွဲစဉ်၌ တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် မိမိအလွန်ပျော်ရွှင်မိကြောင်း၊ အဖွင့်ပွဲစဉ်များ၌ တာဝန်ပေးအပ်ခြင်းခံရသည်မှာ မိမိအတွက်ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယခင်က နိုင်ငံတကာပြိုင်ပွဲကြီးများ၏အဖွင့်ပွဲစဉ်များကို တာဝန်မထမ်းဆောင်ခဲ့ကြောင်း၊ ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်များသည် အမြဲတမ်းထူးခြားလေးနက်သော ပွဲကောင်းများဖြစ်ကြောင်း" ပြောကြားသွားသည်။ **(မြန်မာ့အလင်း)**

★ *ကျောဖုံးမှ*

ဇွန်၁၃ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် စပိန်နှင့် ရုရှားတို့၏ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။ အိမ်ရှင်ပေါ်တူဂီအသင်းနှင့်အတူ ခြေစစ်ပွဲ အောင်မြင်သော အသင်း ၁၅ သင်းတို့မှ ကမ္ဘာကျော် ဘောလုံးသမားများ၏ ဘောလုံးပညာစွမ်းကို ဘောလုံးဝါသနာရှင်များ တစ်ဝကြီး ခံစားကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

ပေါ်တူဂီနှင့်ဂရိ

အိမ်ရှင် ပေါ်တူဂီနှင့် ဂရိပွဲစဉ်သည် ၂၀၀၄ ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲကြီး၏ အဖွင့်ပွဲစဉ်ဖြစ်ရာ တစ်ကမ္ဘာလုံးမှ ဘောလုံးဝါသနာရှင်များ စောင့်စားကြည့်ရှုကြမည်ဖြစ်သည်။ အဖွင့်ပွဲစဉ်မှ ဖြစ်ရပ်များသည် မှတ်တမ်းမှတ်ရာအရ ထူးခြားလေးနက်မှုရှိသည်ဖြစ်ရာ မီဒီယာသမားများအနေဖြင့်လည်း မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိကြသည်။ ပြိုင်ပွဲ၏အဖွင့်ဂိုး၊ ပထမဆုံး အနီကတ်စသည့် ထူးခြားဖြစ်စဉ်များကို မည်သည့် ဘောလုံးသမားများ လက်ဆောင်ရကြမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ပေါ်တူဂီအသင်းသည် အုပ်စု(က)မှ အားအနည်းဆုံးဟု ဆိုနိုင်သော ဂရိအသင်းနှင့် ကစားရမည်ဖြစ်ရာ အိမ်ရှင်ပရိသတ်ရှေ့မှောက်၌ ခြေစွမ်းပြ အနိုင်ကစားပြီး သုံးမှတ်အပြည့်ယူသွားဖွယ်ရှိသည်။

ပေါ်တူဂီအသင်း

ပေါ်တူဂီအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသောကြောင့် ခြေစစ်ပွဲကစားရန် မလိုဘဲ တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ခြေစစ်ပွဲများ မကစားခဲ့ရသောကြောင့် ပြိုင်ပွဲအကြိုခြေစမ်းပွဲများကို ကျန်အသင်းများထက် အရေအတွက်များများ ကစားခဲ့သည်ကိုတွေ့ရသည်။ ပေါ်တူဂီအသင်းသည် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီမှ ၂၀၀၄ခုနှစ် ဇွန် ၆ရက်အထိ ခြေစမ်းပွဲပေါင်း ၂၅ပွဲတိတိ ယှဉ်ပြိုင်ကစားခဲ့သည်။ ပေါ်တူဂီအသင်း ခြေစမ်းခဲ့သောအသင်းများထဲတွင် ခြေစစ်ပွဲအောင်မြင်ထားသော စပိန်၊ အင်္ဂလန်၊ ဆွီဒင်၊ အီတလီ၊ ဟော်လန်နှင့် ဂရိတို့ပါဝင် ခဲ့ကြသည်။ ပေါ်တူဂီအသင်းသည် ခြေစမ်းပွဲ ၂၅ပွဲ ကစားခဲ့ရာတွင် ၁၂ ပွဲနိုင်၊ ကိုးပွဲသရေ၊ လေးပွဲရှုံးခဲ့သည်။

ပေါ်တူဂီအနိုင်ရသော အသင်းများအနက် တရုတ်၊ ဆွီဒင်၊ ဘရာဇီး၊ မက်ဆီဒိုးနီးယား၊ ဘိုလီးဗီးယား၊ ကာဇက်စ္စတန်၊ နော်ဝေ၊ အယ်လ်ဘေးနီးယား၊ ကူဝိတ်၊ လူဇင်ဘတ်နှင့် လစ်သူယေးနီးယားတို့ ပါဝင်ကြသည်။ ဘရာဇီးနှင့် နှစ်ကြိမ်ခြေစမ်းရာ ပထမပွဲတွင် တစ်ဂိုးစီသရေကျပြီး ဒုတိယပွဲတွင် ပေါ်တူဂီက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်း သရေကျခဲ့သော အသင်းများအနက် ဘရာဇီး၊ စပိန်၊ အင်္ဂလန်၊ တူနီးရှား၊ ဟော်လန်၊ ပါရာဂွေး၊ ဂရိနှင့် ဆွီဒင်တို့ ပါဝင်ကြသည်။ အင်္ဂလန်အသင်းနှင့် နှစ်ကြိမ်ခြေစမ်းရာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲစလုံး တစ်ဂိုးစီသရေကျခဲ့သည်။ ပေါ်တူဂီအသင်းရှုံးခဲ့သော အသင်းများအနက် အီတလီ၊ စပိန်နှင့် ဖင်လန်တို့ ပါဝင်ကြသည်။ အီတလီကို အဝေးကွင်းရော အိမ်ကွင်းပါရှုံးခဲ့ပြီး စပိန်ကို အိမ်ကွင်း၌ ရှုံးကာ အဝေးကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည်။ ခြေစမ်းပွဲ ၂၅ပွဲတွင် လေးပွဲသာ ရှုံးထားသော ပေါ်တူဂီအသင်းသည် အသင်းကြီးများနှင့် ကစားလျှင် ဂိုးသွင်းအားမကောင်းလှဘဲ အသင်းငယ်လေးများကိုသာ ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အာရှတိုက်မှ ကူဝိတ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည့်ပွဲမှာ ဂိုးအများဆုံးဖြင့်အနိုင်ရခြင်းဖြစ်သည်။

လူစာရင်း

ပေါ်တူဂီအသင်းကို နည်းပြအဖြစ် စကိုလာရီ(ဘရာဇီး)က တာဝန်ယူဆောင်ရွက်ပြီး အားကစားသမားများအဖြစ် **(ဂိုး)**ရီကာဒိုပရဲရား(၁)၊ ကွင်းမ်(၁၂)၊ မိုရီယာ(၂၂)၊ **(နောက်တန်း)**၊ ဖာနန်ဒိုကော်တို(၅)၊ ဂျော့အင်ဒရာ(၄)၊ မွန်တီရိုမီဂွယ်(၁၃)၊ နူနိုဗလန်တေး(၁၄)၊ ပေါ်လိုဖာရီရာ(၂)၊ ကာဗယ်ဟို(၁၆)၊ ဘီတို(၁၅)၊ ရူအီဂျော့ချ်(၃)၊ **(အလယ်တန်း)**ဒေကို(၂၀)၊ အာမန်ဒိုပက်တစ်(၈)၊ ကော်စတင်ညာ(၆)၊ ရိုဗီယိုမန်နစ်ချ်(၁၈)၊ ရူအီကော်စတာ(၁၀)၊ တီယာဂိုမန်းဒက်ဇ်(၁၉)၊ လူးဝစ္စဖီဂို(၇)၊ **(ရှေ့တန်း)**ခရစ္စတီယာနိုရော်နယ်ဒို(၁၇)၊ ပိုစတီဂါ(၂၃)၊ နူနိုဂိုမက်စ်(၂၁)၊ ဆီမာအို(၁၁)၊ ပေါ်လက်တာ(၉)တို့ ပါဝင်ကြသည်။

ဂရိအသင်း

ဂရိအသင်းသည် ခြေစစ်ပွဲစဉ်များတွင် အုပ်စု(၆)၌ပါဝင်ခဲ့ပြီး ရှစ်ပွဲကစား၊ ခြောက်ပွဲနိုင်၊ နှစ်ပွဲရှုံး(၁၈)မှတ်ဖြင့် အုပ်စုပထမရရှိပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် စပိန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ယူကရိန်းအသင်းကို အဝေးကွင်း၌နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ အာမေးနီးယားကို အိမ်ကွင်း၌နှစ်ဂိုး- ဂိုးမရှိ၊ အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံးနိုင်သည်။ မြောက်အိုင်ယာလန်ကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိ၊ အဝေးကွင်း၌နှစ်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံးနိုင်သည်။

ဂရိအသင်းသည် ခြေစစ်ပွဲစဉ် ရှစ်ပွဲတွင်ဘောလုံးသမား၂၃ ဦးကို အသုံးပြုခဲ့သည်။ ခြေစစ်ပွဲရှစ်ပွဲတွင် ရှစ်ဂိုးသွင်းပြီး လေးဂိုးအသွင်းခံခဲ့ရသည်။ ၂၀၀၂ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်းနိုင်ငံတကာပွဲပေါင်း (ခြေစစ်ပွဲနှင့် ခြေစမ်းပွဲ) ၂၆ ပွဲကစားထားရာ ၁၆ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ လေးပွဲရှုံးထားသည်။ ဂရိအသင်းအတွက် ဂိုးအများဆုံး သွင်းပေးထားသူများမှာ ဆာတပ်စ်နှင့်ဗရီဇတ်စ်တို့က ငါးဂိုးစီနှင့် ဖီဆတ်စ်နှင့် ဂျီယန်နာကိုပိုလပ်စ်တို့က လေးဂိုးစီဖြစ်သည်။

လူစာရင်း

ဂရိအသင်းကို နည်းပြအဖြစ် အော့တိုရီဟာဂျယ်(ဂျာမနီ)က တာဝန်ယူပြီး အားကစားသမားများအဖြစ် **(ဂိုး)** နီကိုပိုလိုင်ဒစ်(၁)၊ ကော့စ်တက်ချယ်ကီယာ(၁၂)၊ ကတ်တာဂီယန် နာကစ်(၁၃)၊ **(နောက်တန်း)** ဒဲလက်စ် (၅)၊ ဂူမက်စ်(၁၈)၊ ဆီထရိုက်ဒစ်(၂)၊ ဖီဆက်(၁၄)၊ ဒါဘီဇက်စ်(၄)၊ ဗင်နစ်တိုက်ဒစ်(၃)၊ ကက်ဆစ်(၁၉)၊ **(အလယ်တန်း)** ကော့စ်တက်စ်(၂၁)၊ ဘတ်ဆီနတ်စ်(၆)၊ ဇာဂိုရာကစ်(၇)၊ ကေးဖတ်စ်(၁၆)၊ လာကစ်(၂၃)၊ စီယာတပ်စ်(၁၀)၊ ဂျီအိုဂျီယာဒစ်(၁၇)၊ ဂီယန်နာကိုပိုလတ်စ်(၈)၊ ကာရာဂူနက်စ်(၂၀)၊**(ရှေ့တန်း)** ပါပါဒိုပေါလတ်စ် (၂၁)၊ဗရီဇတ်စ်(၁၅)၊ ဟာရစ်စတေ့စ်(၉)၊ နီကိုလိုင်ဒစ်(၁၁) တို့ ပါဝင်ကြသည်။

စပိန်နှင့်ရုရှား

အုပ်စု(က)မှ စပိန်နှင့် ရုရှားပွဲစဉ်သည် နှစ်သင်းစလုံးအတွက် အုပ်စုတက်ရေး အရေးပါသည့်အနေအထားဖြစ်၍ တစ်ချက်အမှားမခံသော ပွဲစဉ်ဖြစ်သည်။ ဘောလုံးအဆင့်အတန်းအားဖြင့်ကြည့်လျှင် စပိန်က သာသော်လည်း အစဉ်အလာအရ ရုရှားက ပခုံးချင်းယှဉ်နိုင်သည်။ ၁၉၆၀ပြည့်နှစ် ပထမဆုံးအကြိမ်ကျင်းပသော ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် ဆိုဗီယက်ပြည်ထောင်စု ဗိုလ်စွဲနိုင်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ရုရှားအသင်း ကမ္ဘာ့ဘောလုံးစင်မြင့်၌ မထည်ဝါနိုင်သော်လည်း ဘောလုံးဗီဇကောင်းသူများ ပါဝင်နေသဖြင့် အမြဲတမ်း လျှော့တွက်၍မရသော စာရင်းထဲ ပါဝင်ခဲ့သည်။ စပိန်အသင်းသည် ဗိုလ်စွဲမည်ဟု ရေပန်းစားသော အသင်းများထဲတွင် ပါဝင်နေသော်လည်း စပိန်ဘောလုံးသမားများက နိုင်ငံ့လက်ရွေးစင်အသင်းထက် ကလပ်အသင်းများ၌သာ ပိုမိုခြေစွမ်းပြလေ့ရှိသောကြောင့် ပြိုင်ပွဲကြီးများတွင် မြင်းကောင်းခွာလိပ်ဖြစ်တတ်သည်။ လမ်းမှန်ကမ်းမှန်အရ တွက်မည်ဆိုလျှင်စပိန်အသင်း အနိုင်ရရန် အလေးသာလျက်ရှိသည်။

စပိန်အသင်း

ဥရောပတိုက်ရှိ ဘောလုံးအင်အားကြီးနိုင်ငံများထဲတွင် ပါဝင်နေသော စပိန်အသင်းသည် ခြေစစ်ပွဲများတွင် ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်ခြင်းခံခဲ့ရပြီးမှ အောင်မြင်လာခြင်းဖြစ်သည်။ စပိန်အသင်းသည် ခြေစစ်ပွဲစဉ်များတွင် အုပ်စု(၆)၌ ပါဝင်ခဲ့ပြီး ရှစ်ပွဲကစား၊ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ အုပ်စု ဒုတိယသာ ရရှိသဖြင့် တိုက်ရိုက်ခြေစစ်ပွဲ မအောင်ဘဲ ရှုံးထွက်အဆင့်(Play-Off)တွင် နော်ဝေနှင့် ထပ်မံကစားရာ အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုး၊ အဝေးကွင်း၌ သုံးဂိုး-ဂိုးမရှိ၊ နှစ်ပွဲပေါင်း ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲ အောင်မြင်လာခြင်းဖြစ်သည်။

ခြေစစ်ပွဲစဉ်များကစားရာတွင် ဂရိကို အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ မြောက်အိုင်ယာလန်ကို အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အဝေးကွင်း၌ ဂိုးမရှိသရေကျသည်။ ယူကရိန်းကို အိမ်ကွင်း၌နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အဝေးကွင်း၌ နှစ်ဂိုးစီသရေကျသည်။ အာမေးနီးယားကို အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိ၊ အဝေးကွင်း၌ လေးဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ခြေစစ်ပွဲစဉ် ၁၀ပွဲကစားခဲ့ရာ ၂၁ဂိုး သွင်းပြီး ငါးဂိုးအသွင်းခံခဲ့ရသည်။ ခြေစစ်ပွဲစဉ်များတွင် ဘောလုံးသမား ၃၀ကို အသုံးပြုကစားခဲ့သည်။

၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း နိုင်ငံတကာပွဲပေါင်း (ခြေစစ်ပွဲနှင့် ခြေစမ်းပွဲ) ၂၈ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ၁၈ပွဲနိုင်၊ ရှစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့သည်။ စပိန်အသင်းမှ ဂိုးအများဆုံးသွင်းထားသူများမှာ ရာအူးလ်က ၁၅ ဂိုး၊ မိုရီယင်တေးက ၁၀ဂိုး၊ ရာဘင်ဘရာဟာက ငါးဂိုးနှင့် အိတ်စတင်ဘာရီးယားက လေးဂိုးတို့ ဖြစ်သည်။ ဇွန် ၅ ရက်က ပြိုင်ပွဲအကြို နောက်ဆုံးခြေစမ်းပွဲအဖြစ် အဝေးကွင်း၌ အင်ဒိုရာနှင့်ကစားရာ လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လူစာရင်း

စပိန်အသင်းကို နည်းပြအဖြစ် အီနာကီဆာရက်ဇ်(စပိန်) က တာဝန်ယူပြီး အားကစားသမားများအဖြစ် **(ဂိုး)**ကားဆီးလက် (၂၃)၊ ကန်နီဇာရက်စ်(၁)၊ အရန်ဇူဘီယာ (၁၃)၊ **(နောက်တန်း)**၊ ကက်ဒီဗီလာ(၂)၊ ဂါဘရီဂါစီယာ(၁၂)၊ဟယ်လ်ဂွဲယား(၆)၊ မာချီနာ(၃)၊ ပူယိုးလ်(၅)၊ ဆီဇာမာတင်(၁၈)၊ ဂျူအန်နီတို (၂၂)၊ ရာအူးလ်ဘရာဗို (၁၅)၊ **(အလယ်တန်း)** အလွန်ဆို(၁၆)၊ ဘရာဟာ(၈)၊ ဇာဗီ(၂၀)၊ အယ်ဘယ်လ်ဒါ(၄)၊ ဂျိုအာကွင်း(၁၉)၊ ဗင်းဆင့်တေး (၁၄)၊ ဗယ်လာရွန်(၂၁)၊ အစ်ဆီဘာရီးရား(၁၇)၊ **(ရှေ့တန်း)** ရာအူးလ်ဂွန်ဇာလက်(၇)၊ မိုရီယင်တေး(၁၀)၊ လုကေး(၁၁)၊ တောရက်စ်(၉) တို့ ပါဝင်ကြသည်။

ရုရှားအသင်း

၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ခြေစစ်ပွဲအောင်မြင်သော်လည်း အုပ်စုအဆင့်မှ ပင်ထွက်ခဲ့ရသော ရုရှားအသင်းသည် ယခုပြိုင်ပွဲတွင် အုပ်စုတက်ရေးအတွက် အထူးကြိုးစားကစားရမည်ဖြစ်သည်။ ရုရှားအသင်းသည် ခြေစစ်ပွဲစဉ်များတွင် အုပ်စု(၁၀)၌ ပါဝင်ခဲ့ပြီး ရှစ်ပွဲကစား၊ လေးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး(၁၄)မှတ်ဖြင့် အုပ်စုဒုတိယသာ ရရှိခဲ့သည်။ ရှုံးထွက်အဆင့် (Play-Off)တွင် ဝေးလ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ အိမ်ကွင်း၌ ဂိုးမရှိသရေကျပြီး အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နှစ်ပွဲပေါင်း တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။

ခြေစစ်ပွဲစဉ်များတွင် အိုင်ယာလန်ကို အိမ်ကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပြီး အဝေးကွင်း၌ တစ်ဂိုးစီ သရေကျသည်။ အယ်လ်ဘေးနီးယားကို အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးသည်။ ဂျော်ဂျီယာကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ ဆွစ်ဇာလန်ကို အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အဝေးကွင်း၌ နှစ်ဂိုးစီသရေကျသည်။

ရုရှားအသင်းသည် ခြေစစ်ပွဲစဉ် ၁၀ပွဲတွင် ဂိုး၂၀သွင်းပြီး ၁၂ဂိုးအသွင်းခံခဲ့ရသည်။ ခြေစစ်ပွဲစဉ်များတွင် ဘောလုံးသမား ၃၄ဦးကို ထည့်သွင်းအသုံးပြုခဲ့သည်။ ၂၀၀၂ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း နိုင်ငံတကာပွဲပေါင်း ၂၄ပွဲ ကစားခဲ့ရာ ရှစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ရှစ်ပွဲရှုံးခဲ့သည်။ ရုရှားအသင်းမှ ဂိုးအများဆုံးသွင်းထားသူများမှာ ဆိုင်းချက်ဗ်က ငါးဂိုး၊ ဘူလီကင်က လေးဂိုး၊ ကာယာကာနှင့် ကာဇာကော့ဗ်တို့က သုံးဂိုးစီဖြစ်သည်။

လူစာရင်း

ရုရှားအသင်း၏ နည်းပြအဖြစ် ဂျော်ဂျီယက်ဆက်(ရုရှား)က တာဝန်ယူပြီး အားကစားသမားများအဖြစ်**(ဂိုး)** အိုချင်နီကော့ဗ်(၁)၊ မာလာဖီယက်ဗ်(၁၂)၊ အာကင်ဖီယက်ဗ်(၂၃)၊ **(နောက်တန်း)**ယက်ဆီယက်ဗ်(၁၆)၊ ဆင်နီကော့ဗ်(၁၇)၊ ရှရိုနော့ဗ်(၁၃)၊ ဘူဂါယက်ဗ်(၂၁)၊ အန်ယူကော့ဗ်(၁၄)၊ **(အလယ်တန်း)** မော်စတိုဗွိုင်(၁၀)၊ စမာတင်(၄)၊ အလန်နီချက်ဗ်(၁၅)၊ လော့စကော့ဗ်(၂၀)၊ အစ္စမေးလ်လော့ဗ်(၇)၊ ဂူဆက်ဗ်(၈)၊ အယ်စ်ဒိုနင် (၂၂)၊ ကာရေကာ(၅)၊ ရာဒီမော့ဗ်(၂)၊ ဘိုင်စထရော့ဗ်(၁၉)၊ ဆင်ချော့ဗ်(၆)၊ **(ရှေ့တန်း)**ဆိုင်းချက်ဗ်(၃)၊ ဘူလီကင်(၉)၊ကာဇာကော့ဗ်(၁၁)နှင့် ကီရီချင်ကို(၁၈)တို့ ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

တားမြစ်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် ကြေညာ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါး၊ ပုစွန်သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်လို့ငှာ ငါး၊ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၄ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၂၀၀၄ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိကို အောက်ဖော်ပြပါတည်နေရာများအတွင်း ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန်ကို ညွှန်ကြားချက်အမှတ် (၂/၂၀၀၄)ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

ကမ်းနီး ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့်တည်နေရာမှာ-

ရခိုင်ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၃၀မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီ ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ဘီ-၂၀) (ငါးဖမ်းကွက် အမှတ် စီ၃-နှင့် စီ-၄တွင် ကမ်းခြေမှ ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့် တနင်္သာရီ ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင်(ငါးဖမ်းကွက်အမှတ်ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

သို့ဖြစ်ပါ၍ ကမ်းနီး ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက် ဖော်ပြပါတည်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန။

မူလသဲအင်းဂူဆရာတော်ကြီးအား ရည်စူးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကို ရည်စူး၍ ဩဝါဒါစရိယဆရာတော်များနှင့် ယောဂီအပေါင်းတို့က ဇွန် ၁၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နှစ်ပတ်လည်ပူဇော်ပွဲ အခမ်းအနားကို ကျင်းပမည် ဖြစ်သည်။ ပူဇော်ပွဲနှင့် ခုနစ်ရက်အဓိဋ္ဌာန်စခန်းပွဲကို တစ်ဆက်တည်းကျင်းပမည်ဖြစ်၍ စခန်းတွင် ဩဝါဒါစရိယ ဆရာတော် ဦးဓမ္မသာမိနှင့် ဦးရေဝရဓမ္မ (ကျောက်ပန်းတောင်း) အရှင်သူမြတ်နှစ်ပါးတို့က သမထဝိပဿနာတရားများ ချီးမြှင့်ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ အချိန်မီလာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓဆင်းတုတော်အမျိုးမျိုး၊
ဘုရားပလ္လင် တရားဟောပလ္လင်အမျိုးမျိုး
မန္တလေးဈေးနှုန်းဖြင့် ရောင်းချနေပါပြီ၊
သမ္မတာန်ဂျာန်ကုန်ဆိုင်ကြီး

ကြာငါးခိုင် ဝါဆိုသင်္ကန်း
ဦးလှမိုးဇော် + ဒေါ်နီလာဝေ

ဆရာ ဦးရွှေမြ

DECENT CompuTronics
Computer Sale
Services & Training
office Application Course
(Microsoft Word, Excel, PowerPoint, Using E-mail & Internet.)

လက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဟင်းခွက်အိုင်ကျေးရွာနေ
ဦးလှကြင်-ဒေါ်လှမေ တို့၏ သားကြီး
မောင်မြင့်စိုး နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊
ဆာဖိုးသာခြံ ဂန့်ဂေါလမ်း၊ အမှတ်(၂၁)နေ
ဦးလှမြင့် [မြန်မာ့အလင်းသတင်းစာ(ငြိမ်း)]-ဒေါ်ခင်ဝင်းတို့၏ သမီးကြီး
မမြမြအေး (ခ) မစိုးစိုးအေး
တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ ၁၆-၅-၂၀၀၄ ရက်နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မြင့်စိုး-မမြမြအေး(ခ)မစိုးစိုးအေး။

အုံပရိယတ္တိစာသင်တိုက်
ဆရာတော် အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဂုဏာနန္ဒ၏
ဓမ္မာစရိယသဂြိုဟ်ကျမ်း
ထွက်ပြီ
ရန်ကုန် မန္တလေးပိဋကတ်စာအုပ်ဆိုင်တိုင်း၌ ဝယ်ယူရရှိနိုင်ပါပြီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ
ဦးမြဘူး(ဟိုတယ်/ခရီး၊ငြိမ်း)-ဒေါ်ကျင်ဝေ (မန်နေဂျာ-ဟိုတယ်/ခရီး) တို့၏သားငယ်
မောင်မိုးသူအောင် B.Sc(Maths)
2nd MATE (F.G) JSM International Ltd. နှင့်
ရန်ကုန်မြို့၊ F.M.I City နေ
ဦးသန်းညွန့်(ညွှန်ကြားရေးမှူး-အကောက်ခွန်ဦးစီးဌာန)-ဒေါ်ကြင်လှ(အလပြ၊ငြိမ်း) တို့၏သမီးထွေး
မခင်မာလာညွန့် Final Year (Eco;)
တို့သည် (၁၀-၆-၂၀၀၄) ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မိုးသူအောင်-မခင်မာလာညွန့်။

အာရှတိုက်ကွမ်းဒို ညီလာခံတက်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်အလုပ်အမှုဆောင်(နည်းစနစ်ကော်မတီ) ဦးဂျေဂမ်ဖန်သည် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့၌ ဇွန် ၁၀ ရက်နှင့် ၁၁ ရက်များတွင်ကျင်းပမည့် အာရှ တိုက်ကွမ်ဒို အထွေထွေညီလာခံနှင့် ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ သစ်ရွေးချယ်ရေး အစည်းအဝေး တက်ရောက်ရန် ဇွန် ၉ ရက်က ထွက်ခွာသွားခဲ့သည်။ **(က-ပ)**

FAME
Urocrush®
ဆီးကျောက်ပျော်ဆေး

ကိန္နရီ
အရည်အသွေး စံချိန်မီ ကိန္နရီလုံချည်
ဆေးခိုင်အာမခံ

အမြန်ရောင်းမည်
-ဖျာပုံမြို့နယ်၊ ကျုံကျိုက်ခြံ (၂၂)ဧက၊ အုန်းခြံကြီး
-လန(၃၉)ကျပြီး၊ သစ်စက်လိုင်စင်ပါ
-ညှိနှိုင်းဈေး
၀၉-၅၀၀-၂၈၃၅၊ ၀၁-၅၄၆၀၁၄

FIRST TOP®
Top နှင့် Mono ဆပ်ပြာမှုန့်တို့၏ မဟာကံစမ်းမဲဖွင့်ပွဲမှ ဆုကြီးဆွတ်ခူးရရှိခဲ့ကြသူများ
MONO

၁။	ရွှေပွင့်ကုမ္ပဏီ	အနော်ရထာလမ်း လမ်းမတော်၊ ရန်ကုန်။	ပထမဆု (၁၀ သိန်း)
၂။	မမြင့်သိန်း	MGN-၂၄၁၀၅၅ မဟာအောင်မြေမြို့နယ်၊ မန္တလေး။	ဒုတိယဆု (၃ သိန်း)
၃။	မလေးဝါဝါလှိုင်	၁၂/ထဓလ(နိုင်)၀၀၅၂၈၇ မြောက်ဒဂုံ၊ ရန်ကုန်။	တတိယဆု (၂ သိန်း)
၄။	ဒေါ်နုနု	၁၂/ဗဟန (နိုင်)၀၂၈၂၄၃ ဗဟန်းမြို့နယ်၊ ရန်ကုန်။	တတိယဆု (၂ သိန်း)
၅။	မဝေသဥ္စာထွန်း	၉/ခဇခ (နိုင်)၀၀၃၄၅၆ ချမ်းမြို့မြင်ဝင်း၊ မန္တလေး။	တတိယဆု (၂ သိန်း)
၆။	ရွှေပွင့်ကုမ္ပဏီ	အနော်ရထာလမ်း လမ်းမတော်၊ ရန်ကုန်။	21" TV
၇။	မအေးသဥ္စာကျော်	၁၂/မဂတ (နိုင်)၀၀၉၆၀၂ ဒေါပုံမြို့နယ်၊ ရန်ကုန်။	21" TV
၈။	ဒေါ်မြမြ (ရွှာဝင်းကိုး)	အမှတ်(၉-၁၀) လှိုင်သာယာမြို့နယ်	21" TV
၉။	ဒေါ်မြင့်ရီ	LTA - 002266 လမ်းမတော်မြို့နယ်၊ ရန်ကုန်။	21" TV
၁၀။	မဝတ်မှုန်သင်း	၁၂/ဗဟန(နိုင်)၀၁၈၆၄၇ လှိုင်မြို့နယ်၊ ရန်ကုန်။	21" TV
၁၁။	ဦးရင်ထွေး	KMDE - 015093 ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။	21" TV
၁၂။	ဦးမောင်မောင်	၉/အမရ (နိုင်)၀၅၀၄၆၄ အမရပူရမြို့၊ မန္တလေး။	21" TV
၁၃။	ဒေါ်ရွှေ	၁၂/ဗဟန(နိုင်)၀၆၃၈၁၀ ဗဟန်းမြို့နယ်၊ ရန်ကုန်။	21" TV
၁၄။	ဒေါ်မြ	၉/ကပတ (နိုင်)၀၃၈၃၉၁ (ဆောင်ဖေမြို့ဆေးဆိုင်)ကျောက်ပန်းတောင်းမြို့	21" TV
၁၅။	ဦးသန်းကြွယ်	DKU - 031363 မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။	21" TV

Pahtama Hteik Tan Production Co-op.,Ltd.
Yangon Head Office - Tel : 01-227757, 227758, 227759, 225910

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့်အကြံပြုရေးအဖွဲ့ စည်းဝေး

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုအဖွဲ့၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၉ရက် မွန်းလွဲ ၁ နာရီက ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်အေးဝင်း၊ အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေ၊ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဒေါ်ခင်မြမြ၊ ဒေါ်တင်ငွေးလှိုင်၊ ဒေါ်အေးခိုင်၊ ဒေါ်ခင်ဝင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် မြန်မာအမျိုးသမီးများရရှိပြီး အခွင့်အရေးများဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လက်စွဲများမှ ကောက်နုတ်ချက်များကို ပုံနှိပ်ထုတ်ဝေရန်နှင့် ဥပဒေရေးရာလေ့လာအကြံပေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်အေးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပသောင်းတံတားပြုပြင်ထိန်းသိမ်းမှုနှင့် ကြံ့ခိုင်မှုစစ်ဆေး

မြိတ်–တနင်္သာရီ–ဘုတ်ပြင်းလမ်း ခရီးသည်တင်ယာဉ်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇွန် ၁၁

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၅ရက် နံနက်ပိုင်းတွင် မြိတ်–တနင်္သာရီ–ဘုတ်ပြင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပသောင်းတံတားသို့ နံနက် ၇နာရီခွဲတွင် ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပသောင်းတံတားပြုပြင်ထိန်းသိမ်းမှုနှင့် တံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုနှင့် တံတားကြံ့ခိုင်မှုစစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၃၁/၃)ရှိ မြိတ်–တနင်္သာရီလမ်း မိုင်တိုင်အမှတ် (၂၉/၄)မှ(၃၃/၅) အထိ လမ်းပြုပြင်ခြင်းလုပ်ငန်းသို့ရောက်ရှိပြီး ၂လက်မ x ၄ လက်မ ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းနှင့် မြိတ်ခရိုင်အင်ဂျင်နီယာမှူး ဦးလှစိုးတို့က လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျောက်များလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ပြန်လည်စုစည်းပြီး လမ်းခင်းရာတွင် စနစ်တကျအသုံးပြုရန် ပြုပြင်နေသောလမ်းကို နှစ်ရှည်ခံနိုင်ရည်ရှိအောင် တာဝန်သိသိဖြင့် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၃၇/၇)ပတ်ဝန်းကျင်တွင် ရေကျော်နေသည့်နေရာများ၌ လမ်းတာပေါင်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ယခုဖောက်လုပ်လျက်ရှိသည့် မြိတ်–တနင်္သာရီ–ဘုတ်ပြင်းကားလမ်းတွင် ခရီးသည်တင် မော်တော်ယာဉ်များလာမည့်ပွင့်လင်းရာသီ၌ ပြေးဆွဲနိုင်ရေးအတွက် ယခုထက် အဆတိုး၍ ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မိုင်တိုင်အမှတ်(၇၅/၀) မှ (၇၅/၁)အတွင်း လမ်းအနိမ့်အမြင့်(Gradient)ဖြေခြင်းလုပ်ငန်းပြီးစီးမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး မိုးတွင်းကာလတွင် လမ်းပျက်စီးမှုမရှိစေရေးအတွက် ရေလွှဲမြောင်းများဖောက်လုပ်ရန် တာဝန်ရှိသူများအားမှာကြားသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာ၍ မိုင်တိုင်အမှတ် (၇၄/၀)မှ (၇၈/၀) အတွင်း ပေ ၄၀အကျယ်လမ်းချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရေဆင်းကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် (၈၀/၀) မှ (၈၀/၆)အတွင်းရှိ ရင်ကွဲတောင် တောင်တက်–တောင်ဆင်းလမ်းဖောက်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက ရင်ကွဲတောင် တောင်တက်–တောင်ဆင်းလမ်းဖောက်လုပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်းအကျယ် ပေ ၃၀ ဖောက်လုပ်ရေး၊ အတက်–အဆင်းမတ်စောက်မှုမရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပွိုင့် ၁၀၂၀ တောင်၌ လမ်းဖောက်လုပ်ပြုပြင်မည့် အခြေအနေများနှင့် ပွိုင့် ၁၀၂၀ တောင်တက်လမ်းလွှဲဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်တက်လမ်းတွင် ယာဉ်များပြေပြစ်လွယ်ကူစွာ သွားလာနိုင်ရေးမှာကြားသည်။

တနင်္သာရီ–ဘုတ်ပြင်းလမ်းပိုင်းရှိ တနင်္သာရီ–ပွိုင့် ၁၀၂၀ အပိုင်းမိုင်တိုင်အမှတ် ၅၀/၅ မှ ၈၆/၅ထိ ၃၆ မိုင်တွင် မြေသားလမ်းအကျယ်ပေ ၄၀ တိုးချဲ့ခြင်းလုပ်ငန်းကို ၇မိုင် ၃ဖာလုံ ဆောင်ရွက်ခဲ့ရာ အားလုံးပြီးစီးပြီး ၁၄ ပေ အကျယ် ကျောက်ခင်းလမ်း၊ တိုးချဲ့ခြင်း ၃၂ မိုင်ရှိသည့်အနက် ၁၂မိုင်၄ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့သည်။ မိုင်တိုင်အမှတ်(၅၅/၀ မှ ၆၃/၄) အတွင်း ယာယီသစ်သားရေထွက်ပေါက် ၂၉ ခုကို ၂လက်မပတ်လည်ရှိ ရေထွက်များအဖြစ် ပြောင်းလဲဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ပွိုင့် ၁၀၂၀ မှ မဏ္ဍိုင်အပိုင်း မိုင်တိုင်အမှတ်(၈၆/၅)မှ (၁၁၅/၁)ထိ ၂၈ မိုင် ၄ ဖာလုံတွင် လက်ရှိကျောက်ခင်းလမ်းကို ၁၄ ပေ အကျယ်သို့ တိုးချဲ့ခြင်းလုပ်ငန်း ၄ မိုင် ၁ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် တနင်္သာရီ–ဘုတ်ပြင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပြည်ကြီးမဏ္ဍိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးသို့ရောက်ရှိကြပြီး ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စုပေါင်းရုံးရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းနှင့်စာဖတ်ခန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၊ တရားသူကြီးရုံးခန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ယာယီတာဝန်ခံ ဆရာဝန်ဒေါက်တာခင်ငွေးရီနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ သားဖွားခန်းနှင့်ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကိုမှာကြားကာဆေးရုံဝန်ထမ်းများနေထိုင်ရန် ခြောက်ခန်းတွဲ အိမ်ရာဆောက်လုပ်ရေးအတွက်ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီတွင် လေညှာ–မဏ္ဍိုင်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းရုံးသို့ ရောက်ရှိရပ်နားသည်။

(သတင်းစဉ်)

မေ ၂၅ ရက်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အင်းစိန်မြို့နယ် အလက (၁၂)ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်ထံ အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေကျပ် တစ်သိန်းခွဲကို အသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ကြည်နှင့် အတွင်းရေးမှူး ဒေါ်ခင်စန်းတို့က ပေးအပ်စဉ်။ (ဝ၄၆)

ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၃၀ ရက်က ရဲစခန်းဝင်း သဟာယပုညမ္ဗာရုံတွင်ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမြင့်က အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၂ ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေများကို စခန်းမှူး ရဲအုပ်တင်ဇော်ထွန်းသို့ ပေးအပ်စဉ်။ (က–ပ)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ နှီးဆော်

ရန်ကုန် ဇွန် ၁၁

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်၊

ယခုနှစ် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့်ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စာလုံးရေ ၃၀၀ မှ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ခေါင်းစဉ်မှာ“ဖွံ့ဖြိုးဝေစည် မြန်မာပြည်” ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်းတွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့သွေးလှူရှင်နေ့ကြိုဆို စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၁

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကြိုဆိုသောအားဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသားကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၉ရက် နံနက် ၁၀နာရီက လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ခေတ္တပါမောက္ခချုပ်၊ပါမောက္ခ ဒေါက်တာမြင့်အောင်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆေးသိပ္ပံပညာဦးစီးဌာနမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

သွေးလှူဒါန်းရာတွင် သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်၏ ကြီးကြပ်မှုဖြင့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်ထံမှ သွေးများလက်ခံရယူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အေအိုင်ဒီအက်စ်အကြောင်းဟောပြော

မိုးညှင်း မေ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံစည်းဝေးခန်းမ၌ မေ ၂၆ ရက်က အေအိုင်ဒီအက်စ်နှင့်ကာလသားရောဂါ အကြောင်းပညာပေး ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာန ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာအာဇီးက အေအိုင်ဒီအက်စ်နှင့် ကာလသားရောဂါကာကွယ်နိုင်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောကြသည်။ (၁၅၂)

မေ ၂၀ ရက်က ဟသ်ာတခရိုင် ဟသ်ာတ မြို့နယ် ဒူးယား စံပြကျေးရွာ တိုက်နယ် ပြည်သူ့ဆေးရုံဝင်း၌ သံဃာ့ဆေးရုံအလျားပေ၃၀၊ အနံပေ၂၀ကိုကုန်ကျငွေ၉၄သိန်းကျော်နှင့် တည်ဆောက်သည့်အဆောက် အအုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်က အလှူရှင်ဦးမောင်နီ (ဝဇီရာဆန်စက်)သို့ ဖွင့်ပွဲအထိမ်းအမှတ်အလံ ပေးအပ်စဉ်။ (က-ပ)

ပြင်ဦးလွင်မြို့နယ်မှ တောင်သူများ နောင်ချိုနွေစပါးစံပြကွက်များလေ့လာ

နောင်ချို ဇွန် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အုမ္မခါး ကျေးရွာအုပ်စု လယ်ကျင်းကွေ့နယ်မြေတွင် တစ်ဧက တင်း ၂၀၀ထွက်ရှိရေး ဆောင်ရွက်လျက်ရှိသည့် တောင်သူကြီး ဦးအာလောက၏ ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးစံပြကွက် ဧက ၁၀ နှင့် ဆမ္မဆယ်ကျေးရွာအုပ်စု ရေမောင်းတန်းရွာ တောင်သူကြီး ဦးစံမြင့်၏ နွေစပါးစံကွက် ငါးဧကတို့ကို ဇွန် ၅ ရက်နံနက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ညောင်သာယာ၊ မြိုင်ကြီး၊ ဈေးကုန်းနှင့် ဝက်ဝံကျေးရွာတို့မှ တောင်သူ ၅၀ လေ့လာရေးရောက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်လွင်နှင့် စိုက်/ကြပ်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက ကြိုဆိုကြသည်။

အစီအမံများပြောကြား

အစီအစဉ်အရ ရှင်းလင်းဆောင်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်က မြို့နယ်၏ ဒေသဝမ်းစာ ဖူလုံရေး ဆောင်ရွက်ချက်များ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်း မြင့်မားမှု အခြေအနေများနှင့်လာမည့် မိုးစပါးတွင် တစ်မြို့နယ်လုံးအထူးအထွက်တိုး ဧက ၁၀၀၀၀ အပြည့်အဝ စိုက်ပျိုးမည့်အစီအမံများကို ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် စိုက်ပျိုးရေးမန်နေဂျာက စိုက်နည်းစနစ်များ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးညီ အသုံးပြုရေးနှင့် ပိုးမွှားရောဂါ ကာကွယ်ရေးများကိုရှင်းလင်းပြောကြားသည်။

လေ့လာမေးမြန်း

ဆက်လက်ပြီး တောင်သူကြီး ဦးစံမြင့်က တစ်ဧကရင်းနီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်များကို ဝမ်းသာအားရ ဆက်လက်ပြောကြားသည်။ လေ့လာရေး တောင်သူများသည် နွေစပါးစံပြကွက်များကို စိတ်ဝင်စားစွာ လေ့လာမေးမြန်းကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။ **(အောက်ပုံ)** (၂၄၂)

ပန်းတနော်မြို့ ပန်းရွှေဝါပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

ပန်းတနော် ဇွန် ၂

ပန်းတနော် မြို့နယ်ရှိ ပန်းရွှေဝါ ပန်းခြံ သာယာလှပရေးအတွက် အဆင့်မြှင့် မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိရာ မြို့မိမြို့ဖများ၏ ထည့်ဝင်ငွေဖြင့် ပန်းခြံအဝင်အုတ်တိုင် သံပန်းတံခါးများတပ်ဆင်ခြင်း၊ သံကူ ကွန်ကရစ်ဓာတ်တိုင် လေးတိုင်လဲလှယ်စိုက်ထူခြင်းလုပ်ငန်းများကို မေ ၂၈ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးမြင့်သိန်းတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)** (၃၂၇)

ဖြူးမြို့တစ်ဦးတည်းအလှူရှင်မှ ကျောက်နှင့်ကတ္တရာလမ်းခင်း

ဖြူး ဇွန် ၅

ပဲခူးတိုင်း ဖြူးမြို့ မြို့မအနောက် ရပ်ကွက်ထန်းတပင်၂လမ်းကို မြေသားလမ်းမှ ကျောက်ခင်းကတ္တရာလမ်းအုတ်တံတားအပါအဝင် ပေအရှည် ၈၀၀၊ အကျယ် ၁၀ ပေ ကတ္တရာလမ်းကို တစ်ဦးတည်းအလှူရှင် ဦးလှမြင့်-ဒေါ်ပြုံးရီ၊ သားမောင်ရဲလင်းအောင် မိသားစုတို့က ကျပ်သိန်း ၅၀ ခန့် အကုန်အကျခံကာ ဇွန်၂ရက်က စတင်ကျောက်ခင်းခဲ့ရာ လမ်းစနစ်တကျဖြစ်ရန် မြို့နယ်စည်ပင်သာယာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်နှင့် အင်ဂျင်နီယာ ဦးကျော်ထွန်းတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

လမ်းအမြန်ပြီးစီးရန် ရပ်မိရပ်ဖများနှင့်လမ်းကော်မတီဥက္ကဋ္ဌ ဦးဘို ပါဝင်သော ကော်မတီဝင်များနှင့် လမ်းသူလမ်းသားများက လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၂၈၄)

စုပေါင်းသစ်ပင်စိုက်ပျိုး

ဇန်းမော် ဇွန် ၈

ဇန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဇန်းမော်မြို့သန့်ရှင်းသာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် ပြုလုပ်လျက်ရှိရာ ဇွန် ၅ ရက်က နှစ်မိုင်အောင်သာကျေးရွာမှ ငါးမိုင်စီ အင်ကျေးရွာအထိ စုပေါင်းသစ်ပင်စိုက်ပွဲ ပြုလုပ်ကြသည်။

စုပေါင်းသစ်ပင်စိုက်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စုပေါင်း၍ လမ်းဘေးဝဲယာတွင် အပင်ပေါင်း ၁၂၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြရာ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အပြို့ ပြို့ အနယ်နယ် သတင်းများ

မေ ၂၉ ရက်က ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်စေရန် အမှတ်(၂)ရပ်ကွက် ဦးပိန်လမ်းတစ်လျှောက် ဝဲယာရေနုတ်မြောင်း တူးဖော်ခြင်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးသန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၄-၆-၂၀၀၄ (တနင်္လာနေ့)

- ❑ "ရဲဘော်မသေ သေသော်ငရဲမလား" (မ-၁၀၀၁)စကားပြေ
  - ပထမနှစ် အထူးပြုအားလုံး
- ❑ "ဝေဿန်းစန္ဒာ"ကဗျာပို့ချချက် (မ-၁၀၀၁)ကဗျာ
  - ပထမနှစ် အထူးပြုအားလုံး
- ❑ "ဥမ္မာဒန္တီပျို့မိတ်ဆက်" ပျို့ပို့ချချက် (မ-၁၀၀၂)ပျို့
  - ပထမနှစ် မြန်မာစာအထူးပြု
- ❑ ALPHABET (အက္ခရာ)
  - ပထမနှစ် မြန်မာစာ၊ ဒဿနိကဗေဒ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ

၁၅-၆-၂၀၀၄ (အင်္ဂါနေ့)

- ❑ Poetry
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Poetry
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Conditional /If Patterns
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Angiospermae
  - ဒုတိယနှစ်ရုက္ခ၊တတိယနှစ်သတ္တ ကျောင်းသား ကျောင်းသူများ

၁၆-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Heterocyclic Compounds and Alkaloids
  - တတိယနှစ် ဓာတုဗေဒကျောင်းသား ကျောင်းသူများ
- ❑ Forms of Condensation
  - ပထဝီဝင်နှင့် အခြားသိပ္ပံကျောင်းသား ကျောင်းသူများ
- ❑ Economics (1)
  - ပထမနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံကျောင်းသား ကျောင်းသူများ

၁၇-၆-၂၀၀၄ (ကြာသပတေးနေ့)

- ❑ National Unification of Myanmar by Alungmintaya
  - တတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Introduction to the Study of Law
  - ပထမနှစ်ဥပဒေအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Continuous Functions
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၈-၆-၂၀၀၄ (သောကြာနေ့)

- ❑ အကြောက်လွန်တုံ့ပြန်မှု (Phobic Reaction)
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Advanced Logic
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ The Structure of DNA
  - တတိယနှစ် သတ္တဗေဒ အထူးပြုကျောင်းသူ ကျောင်းသားများ
- ❑ The Skin and Four Major Function
  - တတိယနှစ် သတ္တဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

နံနက် ၉နာရီမှ ညနေ ၄နာရီထိ

၁၉-၆-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၀-၆-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

ကုက္ကိုင်းရေကူးအသင်း
နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၃–၂၀၀၄ ခုနှစ်
ဖိတ်ကြားလွှာ

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၃–၂၀၀၄ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် (က)အသင်းဝင်တိုင်း မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၂၀–၆–၂၀၀၄(တနင်္ဂနွေနေ့)
အချိန် – နံနက် ၉း၀၀ နာရီ
နေရာ – အသင်းခန်းမ

အမှုဆောင်ကော်မတီ၏ ၂၀၀၃–၂၀၀၄ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းပါ အချက်အလက်များနှင့်အခြားအကြံပြုဆွေးနွေးလိုသော အချက်များကို ၁၃–၆–၂၀၀၄ (တနင်္ဂနွေနေ့)ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ ရုံးအဖွဲ့သို့ စာဖြင့် ကြိုတင် ရေးသားပေးပို့နိုင်ပါသည်။

တက်ရောက်သည့်(က)အသင်းဝင်တိုင်းအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ ကံစမ်းမဲလည်း စီစဉ်ထားပါသည်။

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။	အရောင်းမြှင့်တင်ရေး	ကျား/မ ၁၀ ဦး
၂။	ရုံးစာရေး(စာရင်းအင်း)	မ ၃ ဦး
၃။	ရုံးအကူ	ကျား ၃ ဦး

(က) အမှတ်စဉ်(၁)နှင့်(၂)အတွက် အသက်(၃၀)နှစ်အောက် (၁၀)တန်းအောင်ပြီး လုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(ခ) အမှတ်စဉ် (၃)အတွက် အသက်(၃၀)နှစ်အောက် အခြေခံပညာ အလယ်တန်းအောင်မြင်သူ၊ သွက်လက်ထက်မြက်သူ ဖြစ်ရမည်။

လျှောက်ထားသူသည် ဓာတ်ပုံ နှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မှုရင်းပုံစံ ၁၀ မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာထောက်ခံချက်နှင့်အတူ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်သည်။

အမှတ် ၉၉ ၊ ၁၂၅ လမ်းနှင့် ဗညားဒလလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
လစာကို မြန်မာကျပ်ငွေဖြင့်ပေးမည်။

ချိုချိုကုမ္ပဏီလီမိတက်တွင် ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးနှင့် အရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ Sales Engineer ကျား (၂) ဦး
ဘွဲ့ရ B.E (Electronic)ကွန်ပျူတာဘွဲ့ရ၊ ကွန်ပျူတာ ဒီပလိုမာရရှိပြီးသူ ဦးစားပေးမည်။
အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ ရေးသား ပြောဆိုနိုင်ရမည်။
IT, Networking, Security ပစ္စည်းများနှင့်ပတ်သက်၍ နားလည်နှံ့စပ်ရမည်။ ဈေးကွက် သို့မဟုတ် အရောင်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။

၂။ Installation Engineer ကျား (၂) ဦး
ဘွဲ့ရ B.E (Electrornic), B.E (E.P) A.G.T.I ရရှိပြီးသူ ဦးစားပေးမည်။
အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာရေးသား ပြောဆိုနိုင်ရမည်။
IT, Networking, Security ပစ္စည်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။

၃။ Networking Engineer ကျား (၂) ဦး
ဘွဲ့ရ B.E (Electrornic) ကွန်ပျူတာဘွဲ့ရ၊ ကွန်ပျူတာ ဒီပလိုမာရရှိပြီးသူ ဦးစားပေးမည်။
အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ ရေးသား ပြောဆိုနိုင်ရမည်။
Networking နှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးနှစ်နှစ်ရှိရမည်။

၄။ Programmer ကျား/မ (၁၀) ဦး
MS VB 6.0, MS Access, MS SQL. , ASP တို့ကို နားလည် တတ်ကျွမ်းရမည်။
Programming နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။

လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ဓာတ်ပုံ နှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း Cho Cho Co., Ltd. Bldfg-3,Rm-6, MICT Park, Hlaing University Campus သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ကျွမ်းကျင်ဝန်ထမ်းများ အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ငပလီကမ်းခြေရှိ Amata Resort & SPA, Ngapali တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

(၁)	Admin Manager (အသက် ၃၀ မှ ၄၅ နှစ်အတွင်း)	ကျား ၁ ဦး
(၂)	Front Office Manager	ကျား/မ ၁ ဦး
(၃)	Assistant Front Office Manager	ကျား/မ ၁ ဦး
(၄)	Duty Manager	ကျား/မ ၁ ဦး
(၅)	Food & Beverage Manager	ကျား ၁ ဦး
(၆)	Assistant Food & Beverage Manager	ကျား ၁ ဦး
(၇)	Sales & Marketing Executive	ကျား/မ ၁ ဦး
(၈)	Chief Engineer (B.E/ A.G.T.I)	ကျား ၁ ဦး

လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိရမည်။

အမှတ်စဉ် ၁ မှ ၇ အတွက် ရုပ်ရည်ပြေပြစ်သူ၊ အပြောအဆို သွက်လက်ယဉ်ကျေးသူဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းစီမံခန့်ခွဲမှု ကျွမ်းကျင်ပြီး၊ အင်္ဂလိပ်ဘာသာ အရေး၊ အပြော တတ်ကျွမ်းသူဖြစ်ရမည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ တစ်လအတွင်း ရိုက်ထားသောဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာ အရည်အချင်း မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်လျှောက်ထား နိုင်ပါသည်။

United International Group Ltd.
အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ရန်ကင်းဓာတ်ဆီဆိုင်အနီး၊ ရန်ကင်းမြို့နယ်။
Tel. 542535, 544736, 559292

အမြန်ပြန်လာပါ

သီဟကျော်(ခ)ပူးကြူး ၉/ပမန(နိုင်) ၁၅၉၆၄၇ အားလုံး ခွင့်လွှတ်သည်။

အမြန်ပြန်လာပါ
ဦးစိုးဝင်း–ဒေါ်အေးအေးသိန်း (ပျဉ်းမနား)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စောရိုးမင်း၏ နိုင်ငံကူးလက်မှတ် နံပါတ် ၃၄၉၉၇၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **စောရိုးမင်း ဖုန်း–၆၆၂၀၃၂**

မြို့လုံးကျွတ်ကျောင်းအပ်နှံရေး မူဆယ်မြို့နယ်၌ကျင်းပ

မူဆယ် ဇွန် ၃

မူဆယ်ခရိုင် မူဆယ်မြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၀ ရက်က အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူး ကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးစိန်မောင်ဌွေးနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကြိုင်က အမှာစကား ပြောကြားပြီး အလှူရှင်အသီးသီးမှ ကျောင်းသုံးစာအုပ်များ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

မေ ၂၁ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးဝင်း ကြီးကြပ်၍ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းပါဝင်၍ အမှိုက်ရှင်းလင်းခြင်းနှင့် နုန်းမြေတင်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (၃၇၆)

မေ ၂၉ ရက်က ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လေယာဉ်ကွင်းလမ်း၊ လမ်းလယ်ကျွန်းပန်းအလှ၊ မြက်ခင်းအလှ၊ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးခင်ကျော်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မေ ၃၀ ရက်က သန်လျင်မြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပတ္တမြားခန်းမ၌ ကျင်းပရာ သန်လျင် အထက(၃) ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ လှူဒါန်းငွေများကို အဖွဲ့ဝင် ဦးကြည်မင်းက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက လက်ခံယူစဉ်။
(ခရိုင် ပြန်/ဆက်)

မေ ၃၁ ရက်က ဒေးဒရဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအတွက် မြို့နယ် ဦးစီးဌာနမှူး ဦးတင်ထွန်းက လေးကျေးရွာဥက္ကဋ္ဌသို့ ပေးအပ်စဉ်။ (က–ပ)

အုတ်ဖိုတွင် ကျေးလက်ရေရရှိရေး ဆောင်ရွက်

အုတ်ဖို ဇွန် ၉

ပဲခူးတိုင်း(အနောက်ပိုင်း)အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လေးတဲကျေးရွာ၌ တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်း တူးဖော်ခြင်းကို ဇွန် ၆ ရက်က မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြသည်။

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း ရေရှားပါးသော ကျေးရွာကိုးရွာတွင် တုံကင်တွင်းကိုးတွင်း တူးဖော်ပေးရန် လျာထားရာ ငါးတွင်းအောင်မြင်စွာ တူးဖော်ပြီးစီးကြောင်း သိရသည်။ **(၀၇၄)**

အမျိုးသမီးရေးရာ အတွေ့အကြုံရှင်း

မြောင် မေ ၂၈

အမျိုးသမီးရေးရာ အဖွဲ့ချုပ် အစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲနှင့် ပညာပေးဟောပြောပွဲကို မေ၂၁ ရက်က မြောင်မြို့ မြို့နယ်ခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက ဦးတင်နု အမှာစကား ပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြညွန့်က အတွေ့အကြုံရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိန်ထွန်းက အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ရေး၊ မြို့နယ်ဥပဒေအရာရှိ ဦးတင်မြင့်က အမျိုးသမီးများ ငယ်ရွယ်ဘဝဖွံ့ဖြိုးတိုးတက်ရေး ဟောပြောကြကြောင်း သိရသည်။ **(၃၆၇)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစီအစဉ်ဖြင့် နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ပစ္စည်းများ ဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း**

၁။ နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) 10 W TV TRAMSMITTER COMPRISING
(ခ) 50 W TV TRAMSMITTER COMPRISING
(ဂ) 100 W TV TRAMSMITTER COMPRISING
(ဃ) 10 W TV TRAMSMITTER WITHOUT TOWER

၂။ တင်ဒါပေးသွင်းမှုကို ၁၄–၆–၂၀၀၄ ရက်မှ ၂၅–၆–၂၀၀၄ ရက် ညနေ ၄:၃၀နာရီ အတွင်း ပေးသွင်းရန်နှင့် တင်ဒါပုံစံနှင့် လိုအပ်သောအချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်များဝယ်ယူရေးကော်မတီ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်
စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး၊
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၀၈၉၈။

အမည်ပြောင်း

အဖ ဦးမြင့်မောင်၏သမီးဖြစ်သူ လှည်းကူးမြို့ အထက ပဌမတန်း (A)မှ မထက်ထက်ဝင်းကိုအား မယမင်းအဠလီဟု ပြောင်းလဲခေါ်ပါရန်။ **မယမင်းအဠလီ။**

[illegible]

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ရန်ကုန်တက္ကသိုလ်**

ဥပဒေပညာဌာန ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ဥပဒေပညာဌာနမှကြီးမှူးပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်–

၁။ သင်တန်းအမည် – စီးပွားရေးလုပ်ငန်းဥပဒေလက်မှတ်ရ သင်တန်း–အမှတ်စဉ် (၁၅) (Business Law Certificate Course- No-15)
၂။ သင်တန်းအောင်လက်မှတ် – Certificate in Business Law (CBL)
၃။ သင်တန်းဝင်ခွင့်အရည်အချင်း – တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
၄။ သင်တန်းကာလ – (၃) လ
၅။ သင်တန်းဖွင့်မည့်နေ့ရက် – ၁၅–၆–၂၀၀၄ (အင်္ဂါနေ့)
၆။ လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်– ၁၀–၆–၂၀၀၄ (ကြာသပတေးနေ့)
၇။ လက်ခံမည့်နေရာ – ဥပဒေပညာဌာန၊ အခန်းအမှတ် ၁၀၄ ရာမညဆောင်၊ ရန်ကုန်တက္ကသိုလ်
၈။ စုံစမ်းရန် – ဥပဒေပညာဌာန၊ ဖုန်း–၅၃၆၅၃၉၊ ရန်ကုန်တက္ကသိုလ်
၉။ သင်တန်းချိန် – နံနက်၇:၀၀ မှ ၉:၀၀နာရီ (တနင်္လာနေ့မှ သောကြာနေ့)

Orientation Course For Electrical Engineering Practice (OCEEP 03) ... Generators, Transformers, Circuit Breakers (O.C.B, A.C.B, V.C.B), Transmission Lines, Underground Cables, Programmable Logic Controller (P.L.C), Relays, Motor, Electrical Measuring Instruments, Lightning Arrestors, (Protection, T.V.S.S), Electrical Earthing Systems, Electrical Safety Devices, Electrical Home Appliances, House Wiring Practical Training, Power Installation Practical Training, Internet & E-mail ... MICT Park ...

[illegible]

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
၁။	Machine Clothings	2 Items	၁၆–၆–၂၀၀၄ နေ့လယ် ၁၂:၀၀နာရီ
၂။	စက်ပစ္စည်း	(၅)မျိုး	၂၁–၆–၂၀၀၄ နေ့လယ် ၁၂:၀၀ နာရီ
၃။	Suction Pick up Roll	1 Set	။
၄။	Pump	4 Items	။
၅။	Packing Materials	9 Items	။

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်– ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။ **မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။**

ဆက်သွယ်နိုင်ပါသည်

သတို့သမီး ဘွဲ့ယူသမားများအတွက်
လက်ဝတ်ရတနာ (ရွှေ–ကျောက် အစစ်)များ
ငှားရမ်းလိုပါက ဆက်သွယ်နိုင်ပါသည်။
Ph-706442
No.(21) 153 လမ်း၊ တာမွေ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) (ကျား) ၂ ဦး၊ (မ) ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှ ဖြစ်ရမည်။

**လိပ်စာ – အမှတ်(၅၁၉/၅၂၀)၊ အဓိပတိလမ်းသွယ်(၁)
စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။**
ဖုန်း – ၇၀၆၅၃၃

Vacancy Announcement
(For local service only, salary in kyat)

1. Site Engineer (M) (2) post
B.E (Civil) or A.G.T.I (Civil)
Experience - 3 Years minimum
2. Quality Control Engineer (M / F) (2) post
B.E (Civil) or A.G.T.I (Civil)
Experience - 3 Years minimum
3. Surveyor (M) (2) post
A.G.T.I (Civil) or A.G.T.I (Mining)
Experience - 3 Years minimum
Can use Theodolite & Total Station
4. Site Manager (M) (3) post
Any Graduate
Experience - 3 Years minimum in Construction field

Interested candidates should submit C.V. copy of labour Registration card and one recent photo to the following Address within two weeks of this announcement date.

System Engineering Co., Ltd.
No.37, Thiri street, (2) Quarter, Hlaing Tsp. Ph. 535909

**ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**
ကြော်ငြာစာအမှတ် ၂၅/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၃ ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်–

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဌာနခွဲမှူး(စီမံရေး)	မြို့ပြအင်ဂျင်နီယာဘွဲ့	၂ နေရာ
(ခ)	ဌာနခွဲမှူး(စီမံရေး)	စက်မှုအင်ဂျင်နီယာဘွဲ့	၁ နေရာ
(ဂ)	ဌာနခွဲမှူး(စီမံရေး)	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့	၁ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၆–၇–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၇–၂၀၀၄ နေ့အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၇–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၄–၇–၂၀၀၄ နေ့နှင့် ၂၅–၇–၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၂–၇–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မရန်ဂျာဘောက် အသက် (၆၄) နှစ်

ဆရာမဒေါ်မရန်ဂျာဘောက်သည် ၃၁–၅–၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းမိပါကြောင်း။
တီအိုတီအဖွဲ့သားများ။

TOP 1

အစားသောက်ကောင်းကောင်းနှင့် အရသာရှိရှိ စားသောက်လိုသူများ ဓမ္မစေတီလမ်း TOP 1 Cafe and Food Center မှ ဆိုင်ဖွင့်ချိန်ကို နံနက် ၆:၀၀ မှ ည ၁၀:၀၀ထိ တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အထူးစားသောက်ဖွယ်

**ကြေးအိုး၊ ဆီချက်
တရုတ်ဟင်းလျာများ
မြန်မာ့ရိုးရာ အကြော်စုံ
No.236 ဓမ္မစေတီလမ်း၊ ဗဟန်း။**





ဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ ပါဝင်လှူဒါန်းနိုင်

လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းအရ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း၏ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာကို အမှတ် ၈၈၆၊ ၈၈၇၊ ဧရာဝဏ်လမ်းမကြီး၊ အမှတ် (၅၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့တွင် တည်ဆောက်လျက်ရှိရာ ပါဝင်လှူဒါန်းနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ (၁)ဓမ္မာရုံကြီး(၁၀ ပေ X ၁၀ပေ)တစ်ကွက် ကျပ် ၇၅၀၀၀၀၊ (၁ ပေ X ၁ ပေ)တစ်ကွက် ကျပ် ၇၅၀၀။ (၂)ဘောဇနဆောင် (၁၀ ပေ X ၁၀ ပေ)တစ်ကွက် ကျပ် ၅၀၀၀၀၀၊ (၁ ပေ X ၁ ပေ)တစ်ကွက် ကျပ် ၅၀၀၀။ (၃) အမျိုးသား/အမျိုးသမီး ယောဂီဆောင် (၁၀ ပေ X ၁၀ ပေ)တစ်ကွက် ကျပ် ၃၅၀၀၀၀၊ (၁ ပေ X ၁ ပေ)တစ်ကွက် ကျပ် ၃၅၀၀။

လှူဒါန်းနိုင်သောနေရာဌာနများမှာ

(၁) ဆရာကြီး ဦးသန်း သမ္မတကမ်းခြေကျောင်းတိုက်၊ ဒလမြို့နယ်၊ ဖုန်း-၇၂၄၉၀၄။ (၂) မင်္ဂလာဗျူဟာအသင်းချုပ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၀၉၅၈။

ဦးဝင်းခိုင်
အသက်(၈၇)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ ခြံအမှတ် ၅၉(စီ)နေ (ဒေါ်ခင်စော)၏ခင်ပွန်း၊ ဒေါ်မော်လီ-ဦးကျော်မြင့်၊ (ဦးသိန်းမြင့်)-ဒေါ်စိုးစိုးသွယ်တို့၏ အစ်ကိုကြီး၊ ဒေါက်တာဦးအောင်မြင့် (ပါမောက္ခ/ခွဲစိတ်ကုဆရာဝန်ကြီး၊ ဆေး-၂၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါက်တာဒေါ်ခင်မွန် (ပါမောက္ခ/သားဖွားမီးယပ် ဆရာဝန်ကြီး၊ ဆေး-၁၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏ဖခင်၊ ဒေါ်သင်းသင်းနိုင်-ဦးဝင်းတီ၊ ဦးစိုးအောင်-ဒေါ်အေးမိကျော်၊ ဒေါက်တာထွန်းဇော်ဦး၊ ဒေါက်တာကျော်စိုးမော်တို့၏ဘကြီး၊ မောင်အောင်သူရိန်၊ ဒေါက်တာခင်နန္ဒာအောင်တို့၏အဘိုးသည် ၁၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ညွန့် (ပခုက္ကူမြို့)
အသက်(၈၇)နှစ်

ပခုက္ကူမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ပခုက္ကူမြို့၊ ဖလံအိုကျေးရွာကျောင်းတိုက်၊ နာယက ဆရာတော် (ဘဒ္ဒန္တစန္ဒာသီရိ)၊ ပခုက္ကူမြို့၊ သီရိပဝရဓမ္မာစရိယစာချဆရာတော်(ဘဒ္ဒန္တစိတ္တ)၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ် ဘဒ္ဒန္တသောဘန၊ စံပြကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဇဋိလ၊ စံပြကျောင်း ဆရာတော် ဘဒ္ဒန္တ ဇောတိက ဆရာတော်ကြီးများ၏ ရဟန်းမယ်တော်၊ ပခုက္ကူမြို့၊ ဖလံအိုတိုက်နယ်သူကြီး (ဦးဖိုးမြ-ဒေါ်ဒန်းရင်)တို့၏သမီး၊ရာဇဝတ်ဝန်(ဦးဘ-ဒေါ်စိန်ဘွင့်)တို့၏သမီးချွေးမ၊ ၉၇(ဘီ)၊ ဦးရေခဲလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့နေ EX. O.S.E Representative (ဦးကိုကိုကြီး)၏ဇနီး၊ ပခုက္ကူမြို့၊ (ဒေါ်ခင်ရွှေ)၊ (ဦးဘလတ်)၊ (ဒေါ်စိန်မိ)တို့၏ညီမ၊ (ဦးတင်)၊ (ဒေါ်ခင်ကြည်)တို့၏ အစ်မ၊ ဦးမောင်မောင်ကြီး-ဒေါ်နွဲ့နွဲ့အောင်(မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)တို့၏မိခင်၊ မမြသက်မောင်(နဝမတန်း-G၊ T.T.C)၊ မောင်မြသူမောင်(သတ္တမတန်း-J၊ T.T.C)တို့၏ အဘွား၊ (ဗိုလ်မှူးဘလင်းချစ်)-ဒေါ်ခင်ထားလတ်၊ ဒေါ်တင်တင်လှ(ငြိမ်း၊ သမဝါယမဦးစီးဌာန)၊ (ဦးဇော်ဝင်း)-ဒေါ်ကြည်ကြည်သန်း(အလယ်တန်းပြ၊ပခုက္ကူ)(ဦးကျော်မင်း)၊ မန္တလေးမြို့နေ ဦးခင်မောင်ကြီး-ဒေါ်တင်တင်ဝင်း၊ ပခုက္ကူမြို့နေ ဦးကျော်လွင်-ဒေါ်လှလှဝင်း၊ ဦးသိန်းထွန်း၊ ဒေါ်ခင်စန်းဝေတို့၏ ကြီးဒေါ်သည် ၉-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ၉၇(ဘီ)၊ ဦးရေခဲလမ်း၊ မရမ်းကုန်း နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ
သာသနဓဇ ဓမ္မာစရိယ(ဘီ-အေ)
(ယခင်နန်းဦးကျောင်း စာချ၊ သန်လျင်)
သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ ဝါဆိုကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၈ ရက် (၁၀-၆-၂၀၀၄ရက်) ကြာသပတေးနေ့ ည ၉:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက် (၁၄-၆-၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် ဝါဆိုကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

အမည်ပြောင်း

အဖ ဦးတင်ထွန်းကို၏ သမီး အထက(မင်းကုန်း)တွဲဖက်၊ ဒုတိယတန်းမှ မထွန်းရူပါကိုအား မထွန်းရူပါလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မထွန်းရူပါလှိုင်။

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

မတာမီကို ၁၂/မရက(နိုင်) ၀၆၂၀၁၆ မှ ဒေါ်ခင်သီတာထွန်း ၁၃/တစလ(နိုင်)၀၂၈၀၃၀ သို့ ၃၀-၁-၂၀၀၄ရက်က ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးအေးကြည် LL.B, D.B.L
တရားရုံးချုပ်ရှေ့နေ
(အမှတ်စဉ်-၄၈၆၃)
အခန်း(၁)၊နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်း၊ရန်ကုန်၊
ဖုန်း-၆၆၇၄၉၀။

ကျေးဇူးတင်ရှိခြင်း

၅-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဦးသော်တာချစ်လှ(ခ) ဦးဒေးဗစ် နာမကျန်းစဉ် အထူးဂရုစိုက်ကုသပေးသော ရန်ကုန်ဆေးရုံကြီးမှ ကျောက်ကပ်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအားလုံး အစမှအဆုံး အဘက်ဘက်မှကူညီစောင့်ရှောက်ပေးသော ညီ၊ အစ်ကို၊ မောင်နှမ၊ ဆွေမျိုးများအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုအား လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ကြေးနန်းဖြင့်သော်လည်းကောင်း အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အထက(၁)၊ ဒဂုံမှ ငယ်သူငယ်ချင်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဝမ်းနည်းကြောင်းပေးပို့ကြသူများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

အမည်မှန်

အဖ ဦးသိန်းထွဋ်၏သား ချောင်းဆုံမြို့ အထက၊ ဒသမတန်း(A)မှ မောင်ဝင်းဟန် ၁၀/ခဆန(နိုင်) ၀၉၈၉၃၅ အရ အမည်မှန်မှာ မောင်ဝင်းဟံ ဖြစ်ပါကြောင်း။

မောင်ဝင်းဟံ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ၆ခ/၄၈၀၈ ယာဉ်ပိုင်ရှင်စာအုပ်၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းစာရွက်တို့မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပါ။ **ဦးစံထွန်းအောင်ကျော်**
ဖုန်း-၆၉၀၀၃၈၊ ၀၉-၉၀-၆၀၈၂၂

ဒေါ်ဖွားတင်
အသက်(၉၄)နှစ်

ပုသိမ်မြို့နေ(ဦးစံဝင်း-ဒေါ်စိန်ကျော့)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက် ၂၆၊ အခန်း ၉ နေ (ဦးအေး)၏ဇနီး၊ (ဦးထွန်းအေး)-ဒေါ်ရီရီနွဲ့၊ (ဦးခင်မောင်ရီ)-ဒေါ်ခင်အေးနု၊(ဦးသန်းအေး)-ဒေါ်ခင်ခင်ရွှေ တို့၏မိခင်၊မြေး ၁၂ယောက်တို့၏အဘွားသည် ၁၁-၆-၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ကြည် (မအူပင်)
အသက်(၇၆)နှစ်

မအူပင်မြို့နေ (ဦးအုန်းဖေ-ဒေါ်သန်းခင်)တို့၏သမီး၊ မအူပင်မြို့ (အငြိမ်းစားဝန်ထောက်ဦးသိန်းဖေ-ဒေါ်ခင်မေ)တို့၏သမီးချွေးမ၊ ဦးစန်းမောင်-ဒေါ်အေးမြင့်၊(ဦးလှအောင်)-ဒေါ်တဆုပ်တို့၏ညီမ၊ (ဦးသိန်းညွန့်)-ဒေါ်ခင်ကြည်၊ (ဦးမောင်ဥ)-ဒေါ်သိန်းကြည်တို့၏အစ်မ၊ (ဦးခင်မောင်လေး)(လွှတ်လပ်ရေးမော်ကွန်းဝင်)၏ဇနီး၊ဦးအာယု-ဒေါ်သင်းသင်းယု၊ ဦးလင်းဇော်စိုး-ဒေါ်တင်တင်လှ(ဒုရဲအုပ်၊ အပတ်စဉ်-၁၄)၊ ဦးဝဏ္ဏ-ဒေါ်နွဲ့နွဲ့အေး၊ ဦးသုခ-ဒေါ်နှင်းနှင်းလွင်၊ ဦးမျိုးဆွေ-ဒေါ်ဥမ္မာ၊ ဦးအောင်ဗိုလ်ဝင်း-ဒေါ်နီလာတို့၏မိခင်၊မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉:၃၅ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာ၊ အမှတ် ၈၁/က နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးကိုလေး
(ကန်တော့ခံသက်ကြီး)
စက်ပြင်(၁)(အငြိမ်းစား)
အသက်(၈၆)နှစ်

မိတ္ထီလာမြို့၊စက်မှုဆည်မြောင်းလိုင်း၊ ဝန်ဇင်း(၂)နေ ဒေါ်ခင်ချစ်၏ခင်ပွန်း ဦးကိုလေး ရာသက်ပန်အသင်းဝင်အမှတ် (၁၉၀)သည် ၉-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပြီး ယင်းနေ့တွင်ပင် မြင်တော်ရာသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ညောင်ကန်အေးသာသနာ့ရိပ်သာယောဂီဟောင်း
ဦးပညာနန္ဒ(ခ)ဦးမြအောင်
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၁၃)ဝါ

အင်းစိန်မြို့နယ်၊ ညောင်ကန်အေးသာသနာ့ရိပ်သာ ယောဂီဟောင်း၊ စော်ဘွားကြီးကုန်း၊ပဒေသာရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် ၉၄၂နေ ဒေါ်သန်းရှင်၏ခင်ပွန်း၊ ဝါးခယ်မမြို့၊ စက်မှုလက်မှုသိပ္ပံကျောင်း၊ ကျောင်းအုပ် ဦးမျိုးမင်းသက်၏ ခမည်းတော်သည် ၁၁-၆-၂၀၀၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁၃-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါ၍ ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့အမှုဆောင်များနှင့်ရပ်ဝေးရပ်နီးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ (ညောင်ကန်အေးရိပ်သာနှင့် နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။)

ညောင်ကန်အေးရိပ်သာဝေယျာဝစ္စအဖွဲ့နှင့်ကျန်ရစ်သူမိသားစု။

ဦးထင် (သရက်မြို့)
(သက်ကြီးကန်တော့ခံ စာရေးဆရာကြီး)
အသက်(၈၅)နှစ်

သရက်မြို့၊ ဈေးရပ်၊ သိမ်ကြီးလမ်း၊ အမှတ် ၁၈၀ နေ ဒေါ်စိန်ညွန့်၏ခင်ပွန်း၊ ဦးရဲမြင့်-ဒေါ်ဝင်းကြည်၊ ဦးသိန်းဟန် (ပြန်/ဆက်၊ မိုင်းတုံ)-ဒေါ်ခင်စန်းလင်း၊ ဦးမြဟန်(IWTမနဂ၊ ငြိမ်း)-ဒေါ်ခင်မာမာ(L.H.V၊ ငြိမ်း)၊ ဦးကျော်စိုး-ဒေါ်ခင်မာလာ(ကုန်သည်)၊ ဦးရဲဝင်း (ကုန်သွယ်ရေး-၄၊ ငြိမ်း)-ဒေါ်ခင်ဥမ္မာရီ၊ ဦးရဲထွဋ် (IWT၊ ငြိမ်း)၊ ဗိုလ်မှူးတင်မောင်ဦး(ငြိမ်း) - ဒေါ်ခင်မိမိ၊ ဦးအောင်ဇော်မိုးတို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၀-၆-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် ညနေ ၄ နာရီတွင် သရက်မြို့သုသာန်၌ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစံလှအောင် (သန်လျင်)
ရုံးအုပ်(အငြိမ်းစား)
သိမ်ဖြူသင်္ဘောကျင်း
(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့နယ်၊ (၁၈/E)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ် ၁၂၀နေ (ဦးချစ်ဖေ-ဒေါ်မုန်း)တို့၏သား၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဦးချစ်ဆွေ(MPE-ရေနံ၊ သယ်ပို့ဌာန)-ဒေါ်ဟယ်လင်(ဆက်သွယ်ရေး)၊ဦးညွန့်ဆွေ(Shine and Nyunt Engineering Services)-ဒေါ်မာမာအေး၊ ဒေါ်ကြည်ကြည်ဆွေ (ရုံးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၀၄ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ်၊ သာဝတ္ထိ-သရက်ကုန်းကျေးရွာအုပ်စု၊သရက်ကုန်းကျေးရွာနေ သမီးဖြစ်သူ မတိုးတိုးမြင့် ၉/လဝန(နိုင်)၁၂၁၆၃၁ သည် မိမိဆန္ဒသဘောအလျောက် ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ (၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ လုံးဝတာဝန်မယူပါ)

ဖခင်-ဦးအေးမောင်၊ သရက်ကုန်းရွာ။

အမြန်ရောင်းမည် ဖုန်း-၂၉၁၈၂၄

တာမွေမေတ္တာညွန့်၊ ကမ္မဋ္ဌာန်းလမ်း ၁၅ ပေ X ပေ ၅၀ မြေညီ၊ ပထပ်။ ကမ္မဋ္ဌာန်းလမ်းထောင့်ကွက် မီတာပါ ပေ ၅၀ X ပေ၅၀ မြေ။ သစ်စက်ဥသာမြို့သစ်၊ပဲခူး ပေ ၄၀ X ၁၃၅ ပေ ရေမီးစုံ၊ ဝိုင်းခုံ(၂)ချက်ချင်းလည်နိုင်။

ဒေါ်ခင်စိန်(ခ)အာကြီး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက် ၂၃၊ အခန်း ၂၁ နေ (ဦးစိန်-ဒေါ်ကြိုင်)တို့၏သမီး၊ ဦးဇော်ဝင်း-ဒေါ်စိုးရီတို့၏ညီမ၊ ဒေါ်စန်းစန်းမြင့်(ရွှေဂုံတိုင် ကလေးပြုစုရေး)၏မိခင်၊ (ဦးထွန်းမင်း)-ဒေါ်ညိုညိုဝင်း၊ဦးခင်ဇော်-ဒေါ်နီနီဝေ၊ ဦးခိုင်ဇော်၊ ဦးအောင်ဇော်-ဒေါ်နီလာသိန်း၊ ဒုတိယဗိုလ်မှူးကြီး အန့်ဇော်-ဒေါ်ကေသွယ်မျိုးတင့်၊ ဒေါ်သူဇာဝင်း၊ ဦးအေးကျော်ကျော်-ဒေါ်နန်းတင်တင်အောင်တို့၏မွေးစားမိခင်၊မြေးကိုးယောက်တို့၏အဘွားသည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆:၀၅ နာရီတွင် ဗဟိုရိစ်စည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းကြည် (ပဲခူး)
ဒုတိယညွှန်ကြားရေးမှူး
(စီမံကိန်းရေးဆွဲရေး၊အငြိမ်းစား)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၉၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးအေးမောင်-ဒေါ်တင်တင်)(ပဲခူး)တို့၏သမီး၊(ဦးထွန်းအေး-ဒေါ်သံ)(မြိတ်)တို့၏သမီးချွေးမ၊ (ဦးစိန်သင်) (ယခင် ရန်ကုန်သတင်းစာ အယ်ဒီတာ၊ငြိမ်း)၏ဇနီး၊ (ဦးခင်မောင်၊ ဆည်မြောင်း)-ဒေါ်ခင်ထွေးတို့၏ညီမ၊ (ဦးတင်လှိုင်)-ဒေါ်ခင်အေးကြူ၊ (ဦးမြင့်သိန်း)တို့၏အစ်မ၊ ဦးကျော်ဇင် (3/E Unity Shipping) - ဒေါ်ဝင်းမင်းအောင်၊ ဦးကြည်စိုး (Supervisor, Star Cruise)-ဒေါ်မြလေးသက်တို့၏မိခင်၊ မဆုစန္ဒီကျော်၊ မဆုရတနာကျော် (X-B အထက-၂၊ စမ်းချောင်း)၊ မမြတ်ဟေမာန်ကျော်(VI-A အထက-၂၊ စမ်းချောင်း)၊ မောင်သားညီသုတ(I-C ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊မမြတ်ကြည်ဖြူထက်(KG-B အထက-၂၊ လသာ)တို့၏အဘွားသည် ၉-၆-၂၀၀၄ရက် နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်စိန်
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၈၊ ဟသ်ာတလမ်းနေ (ဦးချစ်ဖေ-ဒေါ်သိန်းရွှေ)တို့၏သမီး၊ (ဦးစိန်ဝင်း-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ (ဦးအောင်သန်း၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး၊ ဦးဇော်ထွန်း၊ ဦးရဲထွဋ်-ဒေါ်ခင်ခင်ဝင်း၊ ဦးရဲညွန့်-ဒေါ်မြင့်မြင့်စိန်၊ ဦးရဲအောင်-ဒေါ်သန်းသန်းအေး၊ ဦးရဲနောင်(ပင်စင်ဦးစီးဌာန)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၉-၆-၂၀၀၄ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးညွန့်တင် (ဇကာကြီး)
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၃၂ နေ (ဦးမောင်လှ-ဒေါ်သိန်း)တို့၏သား၊ (ဦးလှမောင်-ဒေါ်အုံးတင်)တို့၏သားသမက်၊ ဒေါ်သိန်းရီ၏ခင်ပွန်း၊ ဒေါ်အေးသန်း၊ ဦးမြင့်ဦး-ဒေါ်ဥမ္မာဝေ၊ (ဦးခင်မောင်လှ)-ဒေါ်တင်နွဲ့ရီ၊ ဦးဝင်းနိုင်(ဘဏ်ခွဲ-၃)-မမိုးမိုးထွန်း(ငွေစုဘဏ်-၁)၊ ဦးမြင့်နိုင်-ဒေါ်ရီရီချို၊ ကိုဝင်းဇော်-မသီတာတို့၏ ဖခင်၊ မနွယ်နွယ်ရီ (ဘဏ်ခွဲ-၂)၊ မြေး ၁၃ ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၁-၆-၂၀၀၄ရက်(သောကြာနေ့) တွင်ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကို(ခ)ဦးမောင်ကို
(မင်္ဂလာဈေး)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ မြင့်မိုရ်လမ်း၊ မြေညီထပ်၊စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်လှ)တို့၏သား၊ ဦးတင်မောင်-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ခင်ပွန်း၊ မချိုယဉ်ယဉ်၊ မချိုဝေဝေ၊ မောင်ကျော်သက်-မချိုလွင်လွင်တို့၏ဖခင်သည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပြီး မင်္ဂလာဈေးမှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဗိုလ်ကြီးမင်းလွင် (ငြိမ်း)
အသက်(၇၆)နှစ်

(ဦးမောင်လှ-ဒေါ်စိန်)တို့၏ သား၊ ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ အမှတ် (၁)ရပ်ကွက်၊ ကန္တားလမ်းနေ ဒေါ်ခင်ငြိမ်း၏ခင်ပွန်း၊ ဒေါ်ချိုချိုလွင်-ဦးစိုးဝင်း၊ ဒေါ်မဥ္ဇူသိမ်း - ဦးငွေသိမ်း (A.C.E. ဆောက်လုပ်ရေး)၊ ဦးမင်းသိန်း-ဒေါ်မို့မို့ခိုင်၊ ဒေါ်ငွေငွေလွင် - ဦးညီညီလွင် (တရားရုံး၊ ကျောင်းကုန်း)၊ ဒေါ်သက်မာလွင်-ဒုအရာခံဗိုလ်မျိုးမြင့်ထွေး၊ ဒေါ်မူမူလွင်-ဦးဝင်းဇော်၊ ဦးအေးမင်း(ငါးလုပ်ငန်းဦးစီးဌာန၊ ကျောင်းကုန်း)-ဒေါ်အေးအေးရှိန်၊ ဒေါ်အေးအေးခိုင်-ဦးတင်ထွန်းအောင်တို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၀-၆-၂၀၀၄ရက် ၁၁:၅၀ နာရီတွင် အာရှတော်ဝင်နှလုံးအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရီ (ဖွားပိန်)
အသက်(၇၃)နှစ်

(ဦးလွင်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးစိန်တင်)၏ညီမ၊ ဒေါ်အေးမြင့်၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ အမှတ် ၁၂၄/၉၁ လမ်းနေ ဦးသောင်းတင်-ဒေါ်ခင်သန်းနွဲ့တို့၏အစ်မ၊ မောင်ဆွေဦး၊ မောင်စမ်းအေး၊ ကိုသန်းမော်-မကြည်ကြည်ခိုင်၊ မဝါဝါမေတို့၏ကြီးတော်၊ မမေစန္ဒီမော်၊ မေဗလမော်တို့၏ အဘွားသည် ၁၁-၆-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်သောင်းရင်
(မြောက်ဥက္ကလာပ)
အသက်(၆၃)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဗိုလ်ကတော်ကျေးရွာနေ (ဦးစံရွှေ-ဒေါ်အေးတင့်)တို့၏သမီး၊ ကော့မှူးမြို့နယ်၊ တမ္ပနိုင်ကျေးရွာနေ(ဦးအုံးခင်-ဒေါ်ခင်ဦး)တို့၏ သမီးချွေးမ၊ အမှတ် ၅၂၂၊ သုနန္ဒာလမ်းမ၊ (၄)ရပ်ကွက်၊ မေတ္တာပိုင်းနေ (ဦးတင်ထူး)၏ဇနီး၊ကိုသောင်းရီ-မသန်းသန်းစိန်၊ကိုသန်းထွဋ်-(မစန်းစန်းလွင်)၊ ကိုသန်းထူး- မခင်နှင်းစိုး၊ ကိုစန်းထူး-မနွယ်၊ကိုသိန်းကုဋေ-မဥမ္မာဆွေ၊ကိုတင်မောင်ဦး-မအေးဝင်း၊ဒေါက်တာကိုဆန်းနိုင်-မယုယုရွှေတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၁-၆-၂၀၀၄ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

တန်ဘိန်ကြိုင်း(ခ)
ဦးအောင်သန်း (ဝါးတရာ)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊မှော်ဘီမြို့နယ်၊ဝါးတရာကျေးရွာနေ (ဦးဖိုးချို-ဒေါ်သိုက်)တို့၏သားကြီး၊ (တော်မွန်တေ-တန်မေယာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်း၊အမှတ် ၃၉၉(A) နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ မအေးအေးမြင့်-ကိုဇော်ဝင်း၊ မမိုးမိုးအေး၊ မအေးမြတ်သူတို့၏ဖခင်၊ မောင်မင်းသူထက်၏ အဘိုးသည် ၁၀-၆-၂၀၀၄ရက် ည ၈:၄၀ နာရီတွင် ဗဟိုရိစ်စည်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံသိန်း
(အောင်သိန်းသန်းပွဲရုံ)
အသက်(၅၂)နှစ်

ကဝမြို့နယ်၊ ပိုင်ကျုံကြီးရွာနေ(ဦးချစ်သန်း-ဒေါ်သန်း)တို့၏သား၊ မိုးကုတ်မြို့နေ (ဦးသာထွန်း-ဒေါ်ခင်ခင်)တို့၏ သားသမက်၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ ၁၅လမ်း၊ အမှတ် ၅၇/၈ နေ ဒေါ်အေးအေး၏ခင်ပွန်း၊ (ဦးသန်းလွင်)-ဒေါ်သိန်းနု၊(ဦးစိန်လှိုင်)-ဒေါ်အေးခင်၊ (ဒေါ်ခင်နု)၊ ဦးစိန်ဝင်း-ဒေါ်တင်ရီ၊ ဦးအုန်းသွင်-ဒေါ်ခင်ခင်သိန်း (အထက-၂၊ရန်ကင်း)၊ (ဦးအောင်မြင့်)-ဒေါ်သိန်းသိန်းတို့၏ညီ/မောင်၊ မောင်ကျော်မင်းနိုင်၊ မောင်ချမ်းသာ၊ မောင်ပြည့်ဖြိုး၊မောင်သက်စံ(အထက-၂၊ရန်ကင်း)တို့၏ဖခင်၊ တူ တူမ ၁၉ ယောက်တို့၏ ဦးလေးသည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအုန်းမြင့် (B.A)
(ဖားကူး)
မြို့နယ်စာရင်းစစ်အရာရှိ(ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဂန္ဓာမာလမ်း၊ အမှတ် ၂၁(က)နေ (ဦးအောင်တိုး-ဒေါ်ဖွားသိန်း)တို့၏သား၊ ဦးလှချို-(ဒေါ်ကြင်စိန်) သိမ်ကြီးဈေး(ဘီ)ရုံ၊ ဒေါ်ကျင်ရှု၊ ဒေါ်ကျင်စိန်တို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်လှလှဝင်း (အလက-၂၊တာမွေ၊ ငြိမ်း)၏ခင်ပွန်း၊ ကိုတင်ထွန်းဝင်း (ACF/ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးအဖွဲ့)-မခင်ခင်စိုး(ဒေါပုံမြို့နယ် စေတနာဆေးခန်း)၊ ကိုတင်ထွန်းလင်း-မအေးအေးမူ၊ ကိုကျော်မင်းအုန်း(ငြိမ်း၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ဖခင်၊ မောင်သန်းထိုက်ဇော်(တတိယတန်း၊ အထက-၄၊ ပုဇွန်တောင်)၊ မနုယဉ်ဝင်းတို့၏အဘိုးသည် ၁၁-၆-၂၀၀၄ရက် (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသောင်း(ခ)လင်တျောင်ရုတ်
အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ အမှတ် ၃၅(ပထမထပ်)နေ (ဒေါ်ရှုရင်)၏ခင်ပွန်း၊ ဦးစင်ချိန်ဘုတ်-ဒေါ်တင်တင်၊ ဦးတင်အောင်-ဒေါ်တင်လေး၊ဒေါ်တင်မြင့်၊ဦးညွန့်ရွှေ-ဒေါက်တာတင်တင်ဝင်းတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်တင်
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်ကြင်မေ)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ အမှတ် ၇၇၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြင့်မြင့် (အမွှာ၊ သိမ်ကြီးဈေး၊ ဒီရုံ)၏ခင်ပွန်း၊ ကိုဇော်မင်း-မသန္တာမွန် (စိန်ဖြိုးလက်ဖက်ခြောက်)၊ (ကိုမျိုးမင်း)၊ မနုနုယဉ်တို့၏ဖခင်၊ မောင်ခန့်သီဟ၏အဘိုးသည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၀၄ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာလာ
B.A (Geo:) (မြန်မာ့အာမခံ)
အသက်(၅၃)နှစ်

အမှတ် ၆၁၈၊ နွယ်နီ ၉ လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးငြိမ်း-ဒေါ်တင်တင်တို့၏ သမီးကြီး၊ ဦးမျိုးမြင့်-ဒေါ်ခင်သန်းဝင်း၏ တူမ၊ ဦးကိုကိုဦး-ဒေါ်အေးအေးရီ၊ ဒေါ်တင်မာလာ၊ ဦးကိုကိုလတ်-ဒေါ်ကြည်ကြည်အောင်၊ ဦးကိုကိုလေး-ဒေါ်လှလှမြင့်၊ ဦးကိုကိုထွေး-ဒေါ်ကြူကြူလွင်၊ ဦးညီညီတိုး-ဒေါ်သီတာထွန်း၊ မောင်သန့်ဇင်-မခိုင်ဝါဝါငြိမ်း၊မောင်စိုးသန်း-မခင်အုန်းမြင့်၊ မောင်ထွန်းထွန်း-မသက်တို့၏ အစ်မကြီး၊ တူ တူမ ၂၁ ယောက်တို့၏ ကြီးကြီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၀-၆-၂၀၀၄ရက် နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရွှေဥဩ ဦးလှအုန်း
(ရွှေပဒေသာဇာတ်အဖွဲ့)
အသက်(၅၁)နှစ်

ဒေးဒရဲမြို့နယ်၊ ဓနုံးကုန်းကျေးရွာနေ (ဦးထွန်းရှိန်)-ဒေါ်မြင့်တို့၏သား၊ ဖျာပုံမြို့နယ်၊ထီးတန်ကျေးရွာနေ ဦးဟန်ထွန်း-ဒေါ်ရီရီသန်းတို့၏ သားသမက်၊ မခင်ရီဦး၏ခင်ပွန်း၊ မငုဝါလှိုင်၊ မောင်ညီဇော်အောင်၊ မောင်မျိုးမင်းထွန်းတို့၏ ဖခင်သည် ၁၀-၆-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ် ၄၆၊ ရတနာလမ်း၊ (၂)ရပ်ကွက်၊ ဝေဘာဂီမြို့သစ် နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ ခုနှစ် ဇွန် ၁၂ ရက်၌ ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၆)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဖိလစ်ပိုင် သမ္မတနိုင်ငံသမ္မတ မစ္စစ် ဂလိုရီယာ မာကါပါဂလ် အာရိုယို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီဟိုင်းယူ ဖရက်ကော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ပေါင်မြို့နယ်၌ကတိုက်ရေလှောင်တမံတည်ဆောက်နေ လယ်ယာမြေများရေကြီးနစ်မြုပ်မှုမှကာကွယ်ပြီး ဧက ၁၀၀၀၀ အကျိုးပြုမည်

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ အဓိကစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် စပါး၊ဝါ၊ကြံနှင့် ပဲမျိုးစုံတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ပြည်နယ်နှင့်တိုင်း အသီးသီးတွင် စီမံကိန်းများချမှတ်ဖော်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကတိုက်ရေလှောင်တမံတွင် မြောင်းဖော်ခြင်း၊ ရေဖျန်းခြင်း၊ တမံသားကောင်းမွန်ရန် မြေညှိခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဆောင်ရွက်လျက်ရှိသည်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပိုင်းရပ်စ်ပိုးသစ်တစ်မျိုး



(**ယာပုံ**)မှာ ဩစတြေးလျနိုင်ငံတွင် အသစ်ပေါ်ပေါက်လာသော ပိုင်းရပ်စ်ပိုးတစ်မျိုး၏ပုံကို အဏုကြည့်မှန်ဘီလူးဖြင့် တွေ့ရပုံဖြစ်သည်။ ယင်းပိုင်းရပ်စ်ပိုးကြောင့် လူတစ်ဦး ထက်မနည်းသေဆုံးခဲ့ပြီး ၅၀ကျော်ကိုလည်း ကူးစက်ခဲ့ပြီး ဖြစ်သည်။ လူအများအပြားကိုလည်း ခြိမ်းခြောက်လျက်ရှိသည်။ **(အင်တာနက်)**

အင်္ဂါဂြိုဟ်မှယူဆောင်လာသောမြေသား



(**အောက်ပုံ**)မှာ အင်္ဂါဂြိုဟ်လေ့လာရေးစပရစ် ယာဉ်မှယူဆောင်လာသော အင်္ဂါဂြိုဟ်မှမြေသား နမူနာကို တွေ့ရစဉ်။

အဆိုပါ မြေသားနမူနာတွင် ဆာလဖာနှင့် မဂ္ဂနီဆီယမ်ဓာတ်များ ပါရှိမှုကြောင့် ၎င်းမြေသားနမူနာ၏ မျက်နှာပြင် အနီးတစ်ဝိုက်တွင် ရေရှိနိုင်ကြောင်း နာဆာက သုံးသပ်လျက်ရှိသည်။ **(အင်တာနက်)**

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

အိမ်ရှင်ပေါ်တူဂီက ဂရိကို အနိုင်ကစားမည် စပိန်နှင့်ရုရှား အမှားမခံသောပွဲစဉ်

ကိုထွေး စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၁၁

၂၀၀၄ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ(EURO 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဇွန်၁၂ရက်(ယနေ့)စတင်ကျင်းပမည်ဖြစ်ရာ အုပ်စုအဖွင့်ပွဲစဉ်များအဖြစ် အုပ်စု(က)မှ အိမ်ရှင်ပေါ်တူဂီအသင်းနှင့် ဂရိအသင်း၊ စပိန်အသင်းနှင့်ရုရှားအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဇွန်၁၂ရက် မြန်မာစံတော်ချိန် ညသ၁၀နာရီခွဲတွင် ပေါ်တူဂီနှင့်ဂရိ၊

စာမျက်နှာ ၁၃ ကော်လံ ၁ ☆